
အမျိုးသားစာဆို ဆရာဇော်ဂျီ၏ ဘဝဇာတ်ကြောင်းကို

ဆရာ့သမီးကြီး ဒေါက်တာခင်မျိုးဟန်

ပြုစုရေးသား မှတ်တမ်းတင်လိုက်သော စာအုပ်



# တဆိုဖေဖေ
# ဇော်ဂျီ

ဒေါက်တာခင်မျိုးဟန်

mgyoe.com

mgyoe.com SAMPLE BOOK

ဤစာအုပ်ကို ကျွန်တော် ထပ်၍ ပြန်ဖတ်ဖြစ်ရာတွင် တစိမ့်စိမ့်ဝမ်းသာရင်းမှ ဆရာနှင့် လူချင်းကိုယ်တိုင် တွေ့ဆုံပြီး ဆရာ့နှုတ်ထွက်စကားများ ကြားနာခွင့်နှင့် ဆရာထံမှ ဆည်းကပ်ခွင့်ကိုပင် ရလာသယောင်ယောင် စိတ်အာရုံတွင် ခံစားလာမိပါ၏။ ဆရာဇော်ဂျီ၏ လောကအမြင်ကို ဆရာ့စာများမှ အကဲခတ်ခွင့်၊ လေ့လာခွင့် ရခဲ့သူများအနေဖြင့်လည်း ဤစာအုပ်ကို ဖတ်ရှုပြီးသည့်အခါ ဆရာသည် သူ့ဘဝကို သူ့စာများနှင့် တစ်ထပ်တည်းကျအောင် မည်ကဲ့သို့ ကျင့်သုံးနေထိုင်သွားကြောင်း လေ့လာ ရှုမြင်ခွင့် ရနိုင်ပါလိမ့်မည် ဟု ဆိုချင်ပါသည်။

*ကြည်ရွှန်း၏ ဆရာဇော်ဂျီသို့ ဦးခိုက်မှုတော်ခြင်း မှ*

ဤကဲ့သို့ အကဲခတ်ခံနေရသည့်ကာလက ဖေဖေ၏ ခံစားချက်များကို ဖေဖေသည် ၁၉၃၃ ခုနှစ်က ရေးသားခဲ့သော ပင်ကိုရေး ဝတ္ထုတို 'ကြွင်းမည့်သူ'မှ တစ်လိုက် ဆောင်အမြင်၏ တစ်ကိုယ်တည်း ခံစားချက်အသွင် သရုပ်ဖော် ရေးသားခဲ့ခြင်းများ ဖြစ်လေမလားဟု ကျွန်မ ထိုဝတ္ထုတိုကို ဖတ်မိစဉ်က ဝမ်းစား ထင်မြင်မိသည်။ ဖွင့်ဟ မမေးခဲ့၍သာ မမေးခဲ့မိပါ။

*ဘွဲ့ရပြီးလူရွယ်ဘဝ မှ*

ကျွန်မတို့ဖေဖေသည် ငါ့စွဲ မရှိသည့်အမြင် သူတစ်ပါးအပေါ် 'အကောင်းမြင် ဝါဒ'ကိုလည်း လက်ကိုင်ထားသည့်သူ ဖြစ်သေးသည်။ ရှေးက ဆိုခဲ့သည့်အတိုင်း ဖေဖေ့ရှေ့တွင် တစ်ဦးတစ်ယောက်၏ မကောင်းကြောင်းကို ပြောမိလျှင် ဖေဖေ သဘောမကျ။ "တစ်ဖက်လူဘက်က စဉ်းစားရင် ဒီလိုသဘော ဟုတ်ချင်မှ ဟုတ်မှာပေါ့" ဟု အမြဲ ဆိုတတ်ပါသည်။

*ဖေဖေ၏ ဆောင်ရွက်ချက်များနှင့် စာပေခရီး မှ*

ထိုစာတမ်းဖတ်ပွဲနှင့် နှစ်ပတ်လည် အစည်းအဝေးကို တက္ကသိုလ်မှ ပညာရှင်များနှင့် ပြင်ပမှ အခြား ပညာတတ် အများအပြား တက်ရောက်ကြသည်။ စာတမ်းဖတ်အပြီးတွင် တက်ရောက်လာသူများအထဲက သမိုင်းပညာရှင် ကထိက ဒေါက်တာသန်းထွန်း (ထိုစဉ်ကပါမောက္ခ မဖြစ်သေး) က ထ၍ ဖေဖေ၏စာတမ်းသည် စာတမ်းအင်္ဂါနှင့် မညီ၊ တိုလွန်းလှသည်၊ အကြောင်းအရာတို့သည်လည်း မဆီလျော် စသည်ဖြင့် အပျက်သဘော ဝေဖန်နှိမ့်ချ၍ ပြောဆိုခဲ့သည်ဟု သိရပေသည်။ နားထောင်သူ ပရိသတ်အားလုံး အံ့ဩမဆုံး ဖြစ်သွားကြရပါသည်။ ထူးခြားသည်မှာ ဖေဖေက အံ့ဩဟန်လည်း မပြသကဲ့သို့ ဒေါသဖြစ်ဟန်လည်း မပြခဲ့ဟုသာ သိရသည်။

*ကမ္ဘာအေးလမ်းအိမ်သို့ ရောက်ရှိပြီးကာလ မှ*

Wisdom House

mgyoe.com
design nelynn 2020

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

❑ ဖေဖေ၏အကြောင်း အတ္ထုပ္ပတ္တိသည် သူ ပြောခဲ့သကဲ့သို့ ရိုးစင်းလွန်းလှပါသည်။ ထို့ကြောင့် သူ့အကြောင်းကို တင်ပြရင်း သူ ရေးသားခဲ့သည့် စာများ (ကဗျာ၊ ဝတ္ထုတို၊ ဘာသာပြန်၊ ဆောင်းပါး၊ စာတမ်း၊ ပြဇာတ်) ကိုပါ သေသေချာချာ စုစည်း၍ ပြည့်စုံအောင် တင်ပြရန် ဆုံးဖြတ်မိပါသည်။ ထိုသို့ ပြည့်ပြည့်စုံစုံ တင်ပြနိုင်ရန် ဖေဖေ့အကြောင်း ရေးသားခဲ့သော ဆောင်းပါးရှင် အတော်များများ၏ အကူအညီများကို ကျေးဇူးတင်စွာ ရယူခဲ့ရပါသည်။

*စာရေးသူ၏အမှာစာ* မှ

❑ ဖေဖေ အသက် ၁၀ နှစ် ၁၁ နှစ်လောက် အရောက်တွင် သူ့ညီငယ်နှစ်ဦးနှင့် လိုင်းကွဲသွားဟန်ရှိသည်။ ဆော့ကစားခြင်းထက် အိမ်မှ အဘိုးအဘွားနှင့် မိခင်တို့၏ စာဖတ်ဝိုင်းများကို ပို၍စိတ်ဝင်စားလာပုံရသည်။ ထို့ပြင် ဖျာပုံမြို့ မကျည်းတန်းရပ်ဘက်တွင် အခြေချ နေထိုင်ကြသော 'နန်းတွင်းရာမ'ဇာတ်အဖွဲ့ မိသားစုများ၏ ကိုးရက်၊ ဆယ်ရက်တိုင်တိုင် နှစ်စဉ် ကပြလေ့ရှိသော 'ရာမ'ဇာတ်ကိုလည်းကောင်း၊ ဖျာပုံမြို့သို့ ရံဖန်ရံခါ ရောက်လာတတ်သော ဦးဖူးညို၏ 'ရုပ်သေးစင်တော်ကြီး'အဖွဲ့ ကပြမှုများကိုလည်းကောင်း ပိုနှစ်သက်လာသည် ထင်သည်။

*ဖေဖေ၏ ငယ်စဉ်ဘဝ လေ့လာတွေ့ရှိရသမျှ* မှ

mgyoe.com

mgyoe.com SAMPLE BOOK

- ထိုသို့ 'ခေတ်စမ်း' စာပေများ ပေါ်ပေါက်လာသည်ကို အပြင်လောကမှ လူတချို့က သဘောမကျ ဖြစ်ကြသည်ကိုလည်း တွေ့ကြုံကြရသည်။ ရှေးရိုးမူ ဖြစ်သော ရာသီဘွဲ့၊ ဘုန်းတော်ဘွဲ့ ဖွဲ့ဆိုခြင်းများ၊ စကားလုံး အဆန်းများ သုံး၍ စပ်ဆို ရေးဖွဲ့ခြင်းမျိုးမှ သွေဖည်လျက် သာမန် အကြောင်းအရာများကို ဦးစားပေး စပ်ဆိုနေကြသော တက္ကသိုလ်ကျောင်းသား လူငယ်တစ်စုကို မကျေနပ်၍ ဝေဖန်မှု အမျိုးမျိုးနှင့် ပြင်းထန်စွာ တိုက်ခိုက်ခဲ့ကြသည်ဟုလည်း သိရသည်။

*ဘွဲ့ရပြီး လူ့ရွယ်ဘဝ* မှ

- ကျွန်မတို့အိမ်နှင့် ဦးလေးဝန်တို့အိမ်မှာ ပုဂံလမ်း၏တစ်ဖက်တစ်ချက် မျက်စောင်းထိုးလောက်သာ ဝေးသည်မို့ ဖေဖေတို့နှစ်ဦး ထိုသို့ ညတိုင်းလိုလို ဆုံဖြစ်နေကြသည်ဟု သိရသည်။ ဦးလေးဝန် အိမ်၌ အခြားစာရေးဆရာများ ရောက်နေသည်နှင့် ဆုံနေပါက စကားကောင်းနေတတ်ပြီး ည ၁၁ နာရီ ၁၂ နာရီလောက် အထိပင် နေဖြစ်ကြသည်။ တစ်ခါတစ်ရံ ထိုစာရေးဆရာ နှစ်ယောက်၊ သုံးယောက်တို့ ဖေဖေနှင့် အိမ်သို့ အတူ ပြန်လာကြပြီး စကားဆက်ကြပြန်ရာ နံနက် ၁ နာရီ ထိုးလောက်အထိပင် ကြာလျှင်ကြာတတ်သည်။ မေမေက ကော်ဖီ၊ လက်ဖက်သုပ် စသည်တို့ဖြင့် ဧည့်ခံသည်။

*ဖေဖေ၏ ကိုယ်ပိုင်မိသားစုဘဝ* မှ

- ၁၉၆၄ ခုနှစ် ဇူလိုင်လ အာဇာနည်နေ့ကို ဂုဏ်ပြုသော 'ဗိုလ်ချုပ်အောင်ဆန်း ကဗျာများ'အတွက် ရေးသားခဲ့သော 'ပြောလိုက်ပါဘိ၊ ဟောလိုက်ပါဘိ' ကဗျာသည် 'ညီသစ်ဆင်းကဗျာများ'၏ ရှေးဦးအကျဆုံး ပထမကဗျာပင် ဖြစ်သည်။ ညီသစ်ဆင်းကဗျာများသည် နောင်တစ်နေ့ တိုင်းပြည်၏ခေါင်းဆောင် ဖြစ်လာနိုင်မည့် လူငယ်တို့အတွက် တိုင်းပြည်ချစ်စိတ်အပြည့်နှင့် တိုင်းပြည်အား မြတ်နိုးလာစေရန် ရည်ရွယ်၍ စပ်ဆိုခဲ့သော ကဗျာများ ဖြစ်သည်။

*ဖေဖေ၏ ဆောင်ရွက်ချက်များနှင့် စာပေခရီး* မှ

- စာရေးဆရာမကြီး (ဒေါ်) ခင်နှင်းယု ဝတ္ထု ရေးဖွဲ့၍ ရုပ်ရှင်ဒါရိုက်တာ ဦးချစ်ခင် ရိုက်ကူးခဲ့သည့် 'ပန်းပန်လျက်ပါ' ရုပ်ရှင်သည် တစ်ချိန်က အလွန် နာမည်ကျော်ခဲ့ဖူးပါသည်။ ထိုရုပ်ရှင်ထဲမှ စန္ဒရားချစ်ဆွေ သံစုံသွင်း၍ မင်းသမီးကြည်ကြည်ဌေး သီဆိုခဲ့သည့် 'ပန်းပန်လျက်ပါ'သီချင်းသည် ဖေဖေ ရေးစပ်ခဲ့သည့် ပေဒါလမ်း အမှတ် (၁၀) 'ပန်းပန်လျက်ပဲ'ကဗျာ ဖြစ်ပါသည်။ ထိုသီချင်းကြောင့် ထိုကဗျာသည်လည်း လူတိုင်းလိုလို၏ ပါးစပ်ဖျား၌ ရေပန်းစားခဲ့ရသည်။

*ကမ္ဘောဇလမ်းသို့ ရောက်ရှိပြီးကာလ* မှ

mgyoe.com

mgyoe.com
SAMPLE BOOK

WISDOM HOUSE
စာအုပ် ၂၅၇

# တခိုပေဖေ
# ဇော်ဂျီ

## ဒေါက်တာခင်မျိုးဟန်

WISDOM HOUSE

☎ ၀၉-၂၅၄၁-၄၈၅၆၈၊ ၀၁-၅၄၅၀၃၆၊ ၀၉-၄၃၀-၄၁၈၅၇။
Wisdom House Publishing Facebook Page ကို
@wisdomhousepublishing ဖြင့် ရှာဖွေကြည့်ရှုနိုင်ပါသည်။
https://www.facebook.com/wisdomhousepublishing/

mgyoe.com

mgyoe.com SAMPLE BOOK


| | |
|---|---|
| ပထမအကြိမ် | ဒီဇင်ဘာလ၊ ၂၀၂၀ ပြည့်နှစ်။ |
| အုပ်ရေ | ၅၀၀ |
| ထုတ်ဝေသူ | ဦးမောင်မောင်<br>Wisdom House စာအုပ်တိုက် (မြ-၀၀၄၇၁)၊<br>အခန်း (၁၁)၊ အမှတ် (၈၆၃)၊<br>လက်ဝဲမင်းဒင်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊<br>တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဦးတင်အောင်ကျော်<br>စွယ်တော်ပုံနှိပ်တိုက် (မြ-၀၀၄၁၁)၊<br>အမှတ် (၁၄၇)၊ (၅၁) လမ်း (အထက်)၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ |
| မျက်နှာဖုံးဒီဇိုင်း | နေလင်းထွန်း |
| အတွင်းအပြင်အဆင် | H. Lwin |
| တည်းဖြတ် | အေးကျော်မင်း |
| အတွင်းဖလင် | ထက်အာကာကျော် |
| တန်ဖိုး | [redacted] ၁၀၀၀၀ |

၉၂၀

ခင်မျိုးဟန်၊ ဒေါက်တာ

စာဆိုဖေဖေ ဇော်ဂျီ /ဒေါက်တာခင်မျိုးဟန်။ - ရန်ကုန်။

Wisdom House စာအုပ်တိုက်၊ ၂၀၂၀။

၁၈၅ - စာ၊ ၁၅. ၂ × ၂၂. ၇ စင်တီ။

(၁) ဒေါက်တာခင်မျိုးဟန်

(၂) စာဆိုဖေဖေ ဇော်ဂျီ (ပထမအကြိမ်)


mgyoe.com

mgyoe.com SAMPLE BOOK



**ဒေါက်တာခင်မျိုးဟန်**

အဖ ဦးသိန်းဟန် (ဆရာဇော်ဂျီ) နှင့် အမိ ဒေါ်စောရင် (ကြီးကြီးစော) တို့မှ ၁၉၄၂ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ စံရိပ်ငြိမ်အိမ်တွင် မွေးဖွားခဲ့သည်။

ရန်ကုန်မြို့၊ အလံပြဘုရားလမ်းပေါ်ရှိ မက်သဒစ် အင်္ဂလိပ် အထက်တန်းကျောင်း (ယခု ဒဂုံ အထက ၁) မှ ၁၀ တန်းကို ၁၉၅၉ ခုနှစ် မတ်လတွင် အောင်မြင်ခဲ့သည်။ ရန်ကင်းကောလိပ်နှင့် ရန်ကုန်တက္ကသိုလ်တို့မှ ဥပစာသိပ္ပံအပိုင်း (က) နှင့် (ခ) အတန်းများကို အဆင့်ဆင့် အောင်မြင်ပြီးနောက် ရန်ကုန်တက္ကသိုလ် ဆေးသိပ္ပံပညာဌာန (လမ်းမတော်) သို့ ရောက်ခဲ့သည်။ ၎င်း ဆေးသိပ္ပံပညာဌာနမှ ၁၉၆၆ ခုနှစ်တွင် အမ်ဘီဘီအက်စ် (ရန်ကုန်) ဘွဲ့ကို ရရှိခဲ့သည်။

ရန်ကုန် ပြည်သူ့ဆေးရုံကြီးတွင် အလုပ်သင် ဆရာဝန်အဖြစ် တစ်နှစ် တာဝန်ထမ်းဆောင်ပြီးနောက် ဖျာပုံ ပြည်သူ့ဆေးရုံသို့ လက်ထောက်ဆရာဝန်အဖြစ် ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၆၉ ခုနှစ်တွင် ရန်ကုန် ကလေးဆေးရုံကြီး၊ ရန်ကုန် ဆေးတက္ကသိုလ် (၁) ၏ ကလေးကျန်းမာပညာဌာနသို့ နည်းပြဆရာမအဖြစ်နှင့် ပြန်လည် ပြောင်းရွှေ့လာခဲ့သည်။ ၁၉၇၂ ခုနှစ် အောက်တိုဘာလတွင် ကိုလံဘိုစီမံကိန်း ပညာတော်သင်အဖြစ် အင်္ဂလန်နိုင်ငံသို့ စေလွှတ်ခြင်းခံရသည်။ ၁၉၇၃ ခုနှစ်တွင် *D.C.H (Diploma in Child Health)* ဘွဲ့ကို *Royal College of Physicians and Surgeons, Glasgow* မှ ရခဲ့သည်။

၁၉၇၃ ခုနှစ် မြန်မာပြည်သို့ ပြန်ရောက်ပြီး ရန်ကုန် ကလေးဆေးရုံကြီး၌ ကုသရေးနှင့် သင်ကြားရေးအပိုင်းတို့တွင် ဆက်လက်၍ တာဝန်ထမ်းဆောင်ခဲ့ရာ ၁၉၇၈ ခုနှစ် ပုသိမ်သို့ ပြောင်းသည့် ကာလအထိပင် ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ရောဝတီတိုင်း ပုသိမ်မြို့တိုင်းဆေးရုံကြီးတွင် ၁၉၇၈ ခုနှစ်မှ စ၍ ၁၉၉၀ ပြည့်နှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ် ဧပြီလတွင် ရန်ကုန်ကလေးဆေးရုံကြီးသို့ ပြန်လည် ပြောင်းရွှေ့ခြင်းခံရသည်။ ၁၉၉၁ ခုနှစ်တွင် ရာထူးတိုးမြှင့်၍ ပြောင်းရွှေ့ရန် အခြေအနေ ဖြစ်လာရာ အသက်ကြီးလာပြီ ဖြစ်သော မိခင်ကြီးအား ငဲ့ညှာသောစိတ်ဖြင့် ရာထူးတိုးမြှင့်ခြင်းကို ငြင်းပယ်၍ အလုပ်မှ နုတ်ထွက်ခွင့်ကိုသာ တောင်းခံခဲ့သည်။ ၁၉၉၁ ခုနှစ်မှ တင်ခဲ့သော နုတ်ထွက်ခွင့်မှာ ၁၉၉၃ ခုနှစ် ဒီဇင်ဘာလတွင်မှ ရသဖြင့် အမှုထမ်းဘဝ၌ ၂၆ နှစ်ကျော်ကျော် တာဝန်ထမ်းဆောင်ပြီး အနားယူခဲ့သည်။ အမှုထမ်းသက် ၂၆ နှစ်တွင် ဖျာပုံပြည်သူ့ဆေးရုံတွင် အမှုထမ်းခဲ့သော နှစ်နှစ်မှ လွဲလျှင် ကျန် ၂၄ နှစ်မှာ ကလေးကျန်းမာရေးနှင့် သက်ဆိုင်သော တာဝန်များကိုသာ ထမ်းဆောင်ခဲ့သည်။

အမှုထမ်းဘဝမှ အနားယူပြီး ညနေပိုင်း ဆေးခန်းထိုင်သည်ကလွဲ၍ အခြားအလုပ်များကို မလုပ်ဘဲ ကလေးကျန်းမာရေးနှင့် သက်ဆိုင်သော ကျန်းမာရေး ပညာပေးဆောင်းပါးများကိုသာ လုံမလေးမဂ္ဂဇင်း၌ 'သန်စွမ်းစေလို သားသားမီးမီးတို့ကို' ဟူသော ခေါင်းစဉ်ဖြင့် လစဉ် ရေးသားခဲ့သည်မှာ ၁၉၉၃ ခုနှစ်မှ ၂၀၀၇ ခုနှစ် ဇန်နဝါရီလအထိ ဖြစ်ပါသည်။ 'သားသားမီးမီးတို့ ကျန်းမာသန်စွမ်းဖို့'၊ 'သားသားမီးမီးတို့ ဖြစ်တတ်သော ရောဂါများ' (၁) နှင့် (၂)၊ 'သားသားမီးမီးတို့ ဖြစ်တတ်သော ရောဂါလက္ခဏာများ'၊ 'သားသားမီးမီးတို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာဖွံ့ဖြိုးရေး'၊ 'နှစ်နှစ်အရွယ်မှ ပျိုဖော်ဝင်အရွယ် ရင်သွေးတို့ အရွယ်သဘာဝအလိုက် ပြုစုပျိုးထောင်ရေး' ဟူသည့် ကလေး ကျန်းမာရေးစာအုပ်တို့ကို ရေးသား ထုတ်ဝေခဲ့ပြီးဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် 'နှစ်နှစ်အရွယ်မှ ပျိုဖော်ဝင်အရွယ် ရင်သွေးတို့ အရွယ်သဘာဝအလိုက် ပြုစုပျိုးထောင်ရေး'စာအုပ်ဖြင့် ၂၀၁၅ ခုနှစ်အတွက် အမျိုးသားစာပေဆု (သုတပဒေသာ-အသုံးချသိပ္ပံ) ဆု ရရှိခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


◆ ဆရာဇော်ဂျီသို့ ဦးခိုက်ပူဇော်ခြင်း က
◆ စာရေးသူ၏ အမှာစာ ဃ
◆ ဖေဖေ၏ ဆွေစဉ်မျိုးဆက်ဇယား ဆ

၁။ ဖေဖေ၏ ငယ်စဉ်ဘဝ လေ့လာတွေ့ရှိရသမျှ
- ဖေဖေ၏ မိဘမျိုးရိုး ၃
- ဖေဖေ၏ မိသားစု ၅
- ဖေဖေ ကြီးပြင်းလာပုံ ၈
- ရပ်ဆွေရပ်မျိုးများ ၁၁
- စာသင်ချိန်ကာလနှင့် စာပေခရီးအစ ၁၄

၂။ ဘွဲ့ရပြီး လူရွယ်ဘဝ
- ဘွဲ့ရပြီးစကာလ ၂၁
- မြို့မ အမျိုးသားကျောင်း၌ အထက်တန်းပြဆရာ လုပ်စဉ်ကာလ ၂၂
- မဟာဝိဇ္ဇာတန်း တက်စဉ်ကာလ ၂၉
- မဟာဝိဇ္ဇာဘွဲ့ ရပြီးကာလ ၃၅
- ပညာတော်သင် သွားရသည့်ကာလ ၃၉
- လက်ထပ်ဖြစ်သည့်ကာလ ၄၁

၃။ ဖေဖေ၏ ကိုယ်ပိုင်မိသားစုဘဝ
- လက်ထပ်ပြီးစကာလ ၄၅
- ဖျာပုံမြို့သို့ ပြောင်းရွှေ့ရစဉ်ကာလ ၄၇
- ရန်ကုန်တွင် မိသားစု ပြန်ဆုံသည့်အချိန်ကာလ ၄၉


mgyoe.com

mgyoe.com SAMPLE BOOK

- ရန်ကုန်တက္ကသိုလ်ဝင်းအတွင်း ပြန်ရောက်သည့်အချိန်ကာလ (တကောင်းကျောင်းဆောင် အခန်းများ၌ နေစဉ်) ၅၁
- အင်းလျားလမ်းတွင် နေစဉ်ကာလ ၅၃
- ပုဂံလမ်း နေအိမ်သို့ ပြောင်းခဲ့သည့်ကာလ ၅၇
- ဖေဖေ၏ တစ်နေ့တာ နေထိုင်စားသောက်ပုံ ၅၉
- ဖေဖေ၏ မိသားစုအပေါ်ထားသည့် စေတနာ ၆၂
- ဖေဖေနှင့် အတူကန်တော့ရသောအိမ်များ ၆၉
- ဖေဖေနှင့် ဖေဖေ့ဆရာများ ၇၂
- အိမ်သို့ ဝင်ထွက်နေသည့် စာရေးဆရာများ ၇၅

၄။ ဖေဖေ၏ ဆောင်ရွက်ချက်များနှင့် စာပေခရီး
- ၁၉၅၀ ပြည့်နှစ်မှ ၁၉၆၄ ခုနှစ်အထိ ၈၅
- ဖေဖေနှင့် စာပေဗိမာန် ၈၈
- ပန်းချီကားလည်း ချစ်တတ်သူ ၉၁
- ဖေဖေနှင့် ပေဒါလမ်းကဗျာများ ၉၂

၅။ ကမ္ဘောဇလမ်းသို့ ရောက်ရှိပြီးကာလ
- ၁၉၆၄ ခုနှစ် မှ ၁၉၇၅ ခုနှစ်အထိ ၁၀၇
- ၁၉၇၆ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ ၁၂၅
- ၁၉၈၆ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ် စက်တင်ဘာလအထိ ၁၃၇
- ဖေဖေနှင့် စာကြည့်တိုက်လောက ၁၅၈
- ဆရာဇော်ဂျီဆု ၁၆၂
- ဖေဖေနှင့် နိုင်ငံရေး ၁၆၄
- ဖေဖေနှင့် ဘာသာရေး ၁၆၉

◆ စာရေးသူ၏ နိဂုံးချုပ်စကား ၁၇၃
◆ ကျမ်းကိုးစာရင်း ၁၇၇

mgyoe.com

mgyoe.com SAMPLE BOOK

## ဆရာဇော်ဂျီသို့ ဦးခိုက်ပူဇော်ခြင်း

ဆရာဇော်ဂျီဟု ဆိုလျှင် ကျွန်တော်တို့ မြန်မာစာပေလောကတွင် အမျိုးသား စာဆိုဟု ဂုဏ်တင်ခြင်းခံရသော စာဆိုရှင်ကြီးတစ်ဦးပင် ဖြစ်မှန်း စာပေချစ်သူတိုင်း သိကြမည်ပင် ဖြစ်ပါသည်။ ကျွန်တော်တို့ အလယ်တန်းကျောင်းသားဘဝ ကျောင်းသင်ခန်းစာများမှ စ၍ သင်ယူလာခဲ့ရသော ဆရာ့စာများမှာ ယခုတိုင် ရွေးချယ် ဖတ်ရှု၍ ကောင်းနေဆဲပင် ဖြစ်ပါသည်။ ဆရာ့သြဝါဒတစ်ရပ် ဖြစ်သော 'စိတ်ကောင်း ရှိမှ စာကောင်း ထွက်မည်' ဆိုသည်ကပင် ကျွန်တော်တို့ စာရေးချင်စိတ် ပေါ်လာကတည်းက ကိုယ့်စိတ်ကို ကိုယ် ပြန်ဆုံးမနေရသော လမ်းညွှန် ဖြစ်နေပါသည်။

ကိုယ်တိုင် တွေ့ဆုံခွင့် မရခဲ့သော်လည်း စာများမှတစ်ဆင့် ရင်းနှီးခဲ့ရသော ဆရာဇော်ဂျီသည် ကျွန်တော်၏ နှလုံးအိမ်တွင် ငယ်ဆရာတစ်ဦးကဲ့သို့ မှတ်ယူနေမိပါသည်။ အရွယ်ကလေး ရောက်လာတော့ အတ္ထုပ္ပတ္တိစာပေများကို ဖတ်ခွင့်ရခဲ့သည့်အချိန်မှာတော့ မြန်မာစာပေလောကတွင် ဦးဆောင်လမ်းညွှန်ခဲ့သူတို့၏ဘဝအတ္ထုပ္ပတ္တိ စုံစုံလင်လင်ကို ဖတ်ချင်၊ ပတ်ချင်လာမိပါသည်။

ကျွန်တော့်ကိုယ်ပိုင်အမြင်သဘောအရ ပြောရလျှင် တစ်ခေတ်တွင် တစ်ယောက် ထွန်းတောက်ခဲ့ဖူးသော ဆရာဇော်ဂျီတို့၊ မင်းသုဝဏ်တို့လို မဆိုထားဘိ၊ စာရေးသူတိုင်းလိုလို သူတို့ခေတ်သူတို့အတွေ့အကြုံများ၊ သူတို့တွေးခေါ်စဉ်းစား ဖြတ်သန်းပုံများကို မှတ်တမ်းတင် ကျန်ခဲ့စေချင်ပါသည်။

ဆရာဇော်ဂျီနှင့် ကျွန်တော်တို့ ကိုယ်တိုင် ဆုံတွေ့ခွင့်မရခဲ့သော်လည်း လုံမလေးမဂ္ဂဇင်းတွင် စာဝင်ရေးခဲ့ရာမှတစ်ဆင့် အယ်ဒီတာ ဆရာမရွှေသဉ္ဇာ၏ ကောင်းမှုဖြင့် ဆရာဇော်ဂျီ၏သမီးကြီး ဒေါက်တာခင်မျိုးဟန်နှင့် ဆုံတွေ့



mgyoe.com

mgyoe.com SAMPLE BOOK

ရန် အကြောင်းဖန်လာခဲ့ပါသည်။ ဆရာမ ရေးသားသည့် ကလေးကျန်းမာရေး စာအုပ်များကိုလည်း Wisdom House ကပင် စီစဉ်ထုတ်ဝေဖြစ်ခဲ့ပါသည်။ ဆရာမ ဖိတ်ကြားခဲ့၍ ဆရာဇော်ဂျီအမှတ်တရ လျှာဒါန်းသော ပွဲများသို့လည်း တက်ရောက်ခဲ့ရပါသည်။ တစ်ကြိမ်တွင်မူ ဆရာမက ဖခင်ကြီး ဆရာဇော်ဂျီ ၏ ရှေ့ရေး စဉ်းစား ပြင်ဆင်တတ်ခဲ့သောကြောင့် နောင်တွင် မိသားစုများ အကြား အခက်အခဲ မဖြစ်ပေါ်ခဲ့တော့ပုံကို ပြောပြဖူး၍ ဆရာ့အကြောင်း သိလိုစိတ် ဖြစ်လာပါသည်။ ဆရာမရွှေသဥ္ဇာကလည်း လုံမလေးမဂ္ဂဇင်းတွင် စာပေဇနီးမောင်နှံများ အခန်းကဏ္ဍ၌ ထည့်သွင်း ရေးသားခဲ့ဖူးကြောင်းနှင့် ဆရာက အနေအေးအေးဖြင့် မြန်မာစာပေအရေးကို စိတ်တိုင်းကျ ရွက် ဆောင်နေချိန်တွင် ကြီးကြီးစောက မိသားစုအရေးကို နိုင်နိုင်နင်းနင်း စီမံ ခန့်ခွဲပုံကလည်း မှတ်သားစရာ ကောင်းကြောင်း ပြောပြဖူးသည်။

သည်လို အတိုအစတွေ ကြားရပြီးကတည်းက ဆရာ့အကြောင်း ပြည့်ပြည့် စုံစုံ ဖတ်ရလျှင် ကောင်းမည်ဟု စိတ်ထဲက တောင့်တနေခဲ့ဖူးသည်။ လွန်ခဲ့ သော တစ်နှစ်ကျော်ကျော်ခန့်ကတော့ ဆရာမ ဒေါက်တာခင်မျိုးဟန်က 'ဖေဖေ့အကြောင်း စာအုပ်တစ်အုပ် ရေးတော့မယ်'ဟု သတင်းပေးလာသဖြင့် ကျွန်တော်တို့တိုက်ကပင် ထုတ်ပါရစေဟု ဝမ်းသာအားရ ခွင့်တောင်းခဲ့ပါ သည်။ ၂၀၂၀ ပြည့် နှစ်လယ်ပိုင်းလောက်တွင် ဆရာမက သူ ရေးထား သော စာမူကြမ်းကို ဓာတ်ပုံများနှင့်တကွ ပို့လာပါသည်။ ဆရာ ကွယ်လွန်ပြီး နှစ်ပေါင်းသုံးဆယ်ခန့် ကြာမှ ဆရာမက ရေးသားခဲ့ခြင်း ဖြစ်ရာ သူ ငယ်စဉ် ကြားနာ မှတ်သားခဲ့ရသည်များ၊ ဆရာဇော်ဂျီနှင့် ဆရာကတော် ကြီးကြီးစော တို့ ပြောပြခဲ့သည်များ၊ ဆရာ့အကြောင်း ရေးသားထုတ်ဝေထားသော စာအုပ် စာတမ်းများမှ ကောက်ယူထုတ်နုတ်ထားသည်များနှင့် ပေါင်းစပ် ရေးသားထား ကြောင်း တွေ့ရပါသည်။

ကျွန်တော်ကိုယ်တိုင်ကလည်း မြစ်ဝကျွန်းပေါ်သားတစ်ဦး ဖြစ်၍လား မသိ၊ ဆရာ ငယ်စဉ် ဖျာပုံမြို့ပေါ်မှာ နေခဲ့ရပုံများ ဖတ်ရသည်တွင် ကိုယ့် ငယ်ဘဝကိုပင် သတိတရ ဖြစ်လာပြန်ပါ၏။ ဆရာမက ဆရာဇော်ဂျီ၏ အကြိုက်ဆုံး စာအုပ်စာရင်းကို ထည့်သွင်းပေးထားရာ ရှေးမြန်မာစာအုပ် များထဲမှ ခေတ်အမီဆုံးဟု ဆိုနိုင်သော ဆရာကြီးရွှေဥဒေါင်း၏ 'တစ်သက်တာ မှတ်တမ်းနှင့် အတွေးအခေါ်များ'လည်း ပါဝင်နေသည်။ ဆရာဇော်ဂျီကို သူ ကိုယ်တိုင် ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ ရေးရန် တိုက်တွန်းလျှင်မူ ဆရာမစကား နှင့် ဆိုရသော် သူ့ဘဝတွင် ရေးလောက်စရာများ သိပ်မရှိခဲ့လို့ပေပဲဟု ခံယူ ခဲ့ဟန်တူသည်ဟု ဆိုပါသည်။ သို့သော်လည်း ကျွန်တော်တို့ လုံးဝ မသိရသေး



mgyoe.com

mgyoe.com SAMPLE BOOK

သော အချက်တချို့ကို ဤစာအုပ် တည်းဖြတ်သည့်အခါကျမှ သိခွင့်ရလိုက်သည်လည်း ရှိလာသည်။ ဆရာမ ရေးပြမှ ဆရာဇော်ဂျီ ကြုံခဲ့ရသော သူ့ကို လူပုံအလယ်တွင် တိုက်ခိုက်ခဲ့သူများကို မည်သို့မျှ မတုံ့ပြန်ဘဲ နေသွားနိုင်ပုံတို့မှာ နှောင်းလူတို့ ယူလိုက ယူထိုက်သော သင်ခန်းစာပင် ဖြစ်ပါသည်။ ဤစာအုပ်ကို ကျွန်တော် ထပ်၍ ပြန်ဖတ်ဖြစ်သောအခါ တစိမ့်စိမ့် စဉ်းစားပြီး ဆရာနှင့် လူချင်းကိုယ်တိုင် တွေ့ဆုံပြီး ဆရာ့နှုတ်ထွက်စကားများ ကြားနာခွင့်နှင့် ဆရာ့ထံမှ ဆည်းကပ်ခွင့်ကိုပင် ရလာသယောင်ယောင် စိတ်အာရုံတွင် ခံစားလာမိပါ၏။ ဆရာဇော်ဂျီ၏ လောကအမြင်ကို ဆရာ့စာများမှ အကဲခတ်ခွင့်၊ လေ့လာခွင့် ရခဲ့သူများအနေဖြင့်လည်း ဤစာအုပ်ကို ဖတ်ရှုပြီးသည့်အခါ ဆရာသည် သူ့ဘဝကို သူ့စာများနှင့် တစ်ထပ်တည်းကျအောင် မည်ကဲ့သို့ ကျင့်သုံးနေထိုင်သွားကြောင်း လေ့လာ ရှုမြင်ခွင့် ရနိုင်ပါလိမ့်မည်ဟု ဆိုချင်ပါသည်။

ဆရာမ ဒေါက်တာခင်မျိုးဟန်က ဤစာအုပ်တွင် သူ မြင်တွေ့ သိမိခဲ့သမျှတို့ကို သူ့အမြင် သူ့ရှုထောင့်မှ တတ်စွမ်းနိုင်သမျှ ရေးသား တင်ပြခဲ့ပြီး ဖြစ်ပါသည်။ ဆရာဇော်ဂျီ၏ အတ္ထုပ္ပတ္တိကြီးတစ်အုပ်အနေဖြင့် ကျမ်းကိုးကျမ်းခိုင်ဖြင့် စုံစုံလင်လင် လေ့လာကိုးကား ဆက်လက် ဖြည့်စွက် ရေးသားလိုသူတို့အနေဖြင့်လည်း ဤစာအုပ်မှာ တစ်ထောင့်တစ်နေရာမှ အသုံးဝင်နိုင်မည်လည်း ဖြစ်ပါသည်။

ယခုစာအုပ်ကို ပြုစု ရေးသားခဲ့သော ဆရာမ ဒေါက်တာခင်မျိုးဟန်နှင့် ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသော မိသားစု၊ စာမူကြမ်းကို ဖတ်ရှု၍ ဆွေးနွေးအကြံပေးသော ဆရာမ ရွှေသဥ္ဇာ (မသန်းသန်း- မန်းတက္ကသိုလ်)၊ စာအုပ်ဖြစ်မြောက်ရေး အဘက်ဘက်မှ ဝိုင်းဝန်း ကူညီပေးကြပါသော ကိုဌေးလွင်၊ ကိုနေလင်းတို့နှင့် Wisdom House ဝိုင်းတော်သားများကို ရင်မှ ကျေးဇူးစကား ဖွင့်ဟဆိုအပ်ပါသည်။

ဤစာအုပ်ကို ထုတ်ဝေခွင့် ရခြင်းဖြင့်လည်း ကျွန်တော့်တို့မြန်မာစာပေအပေါ် တင်ရှိခဲ့သော ဆရာဇော်ဂျီ၏ ကျေးဇူးများကို ဦးခိုက် ပူဇော်အပ်ပါသည်။

ကြည်ရွှန်း
၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ။



mgyoe.com

mgyoe.com SAMPLE BOOK

# စာရေးသူ၏ အမှာစာ

ကျွန်မ၏ဖေဖေ အမျိုးသားစာဆို ဆရာဇော်ဂျီသည် သူ့အကြောင်းကို ပြောပလောက်အောင် ရေးစရာ မရှိဟု သူ့ကိုယ်သူ သတ်မှတ်ထားခဲ့သူတစ်ဦး ဖြစ်သည်။ သူ့အကြောင်းကို စာပေနှင့် စပ်ဆိုင်ပတ်သက်သည့် ကိစ္စများလောက်တွင်သာ ရေးသားခွင့် ပေးခဲ့သူဟု နားလည်ခဲ့ပါသည်။

လွန်ခဲ့သော လေးနှစ်ကျော်လောက်ကဟု ထင်သည်။ ဦးလေးဝန် (ဆရာမင်းသုဝဏ်) ၏သား 'ဒလဘန်း' ရေးသည့် 'အဘအကြောင်း တစေ့တစောင်း' ဟူသောအမည်နှင့် စာအုပ် ထွက်ရှိခဲ့သည်။ ၎င်းစာအုပ်ကို အမေရိကားတွင် ရောက်ရှိနေသော ဖေဖေနှင့် ဦးလေးဝန်တို့၏ စာပေတပည့်တစ်ဦး ဖြစ်သူ ဆရာမောင်စွမ်းရည်က ဦးလေးဝန်အကြောင်းကို ဖတ်လိုက်ရ၍ ဝမ်းသာကျေနပ်မိကြောင်း၊ ထိုနည်းတူစွာ ဆရာဇော်ဂျီအကြောင်းကိုလည်း ဆရာဇော်ဂျီမိသားစုက ရေးသားနိုင်ဖို့ မျှော်လင့်မိနေကြောင်းကို ဆောင်းပါးအသွင်နှင့် ကြေးမုံသတင်းစာတွင် ဖော်ပြထားသည်ကို ကျွန်မ ဖတ်လိုက်ရသည်။ ထိုအချိန်မှစ၍ ကျွန်မ ဤတာဝန်ကို ကြိုးစားထမ်းဆောင်ရန် ဆုံးဖြတ်လိုက်မိပါသည်။ ဆရာမင်းယုဝေကို ဤအကြောင်း ပြောပြသောအခါ ဆရာကလည်း ဝမ်းသာအားရပင် အားပေး တိုက်တွန်းခဲ့သည်။

ကျွန်မ၏ ပင်ကိုသဘောသဘာဝအရ ဤကဲ့သို့ စာမျိုးကို ရေးရန် အရည်အချင်း မပြည့်မီနိုင်ဟု ကိုယ့်ကိုယ်ကိုယ် ထင်ထားမိသည်။ သို့သော်လည်း အတော်များများသောသူများက ဖေဖေ့အကြောင်းကို သိချင်သည့်သဘော ရှိနေသည်ဟု ယူဆမိ၍ တစ်ကြောင်း၊ ကျွန်မတို့ ဆွေမျိုးသားချင်းတချို့၊ ကျွန်မ၏ ညီမငယ် 'အုန်း' အပါအဝင် နောက်မျိုးဆက်သစ်တို့ မသိသေး



mgyoe.com

mgyoe.com
SAMPLE BOOK

သည့် ဖေဖေ့အကြောင်းများကို ကျွန်မ သတိရသလောက် ပြန်ရေးသား ဖော်ပြချင်နေ၍ တစ်ကြောင်းတို့ကြောင့် ယခုကဲ့သို့ ကျွန်မ၏ ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ရန် ကြိုးစားခဲ့ပါတော့သည်။

ဖေဖေသည် သူ့စိတ်ထဲ၌ ကဗျာအစကလေး ပေါ်လာလျှင် မှတ်စုစာအုပ်တွင် ရေးမှတ်တတ်သည့်အလေ့ ရှိခဲ့သည်ဟု သိရပါသည်။ သို့ရာတွင် နေ့စဉ်မှတ်တမ်း ရေးမှတ်သည့်ကိစ္စမျိုးကိုမူ လုံးဝ လုပ်ခဲ့သူ မဟုတ်ပါ။ ထို့ကြောင့် ဤစာအုပ်ကို ပြုစုရာတွင် ကျွန်မ မေးမြန်းသမျှကို စိတ်ရှည်ရှည် ဖြေပေးခဲ့သော (ကျွန်မကို ငယ်စဉ်ကပင် ချစ်ခင်လွန်းသည့်) အဘွား မေမေကြီး ဒေါ်စိန်ညွန့်၊ ဦးလေးဦးလှသောင်း၊ မေမေတို့ထံမှ သိခဲ့ရသော အချက်များအပေါ် မူတည်၍ ရေးသားပါသည်။ ဖေဖေ၏ မိဘမျိုးရိုးနှင့် ပတ်သက်သည့် ကိစ္စများကိုမူ ဖေဖေကိုယ်တိုင် ပြောပြခဲ့သဖြင့် ပို၍ တိကျနိုင်ပါသည်။

ကျွန်မ တကယ် လက်တွေ့ လုပ်ဆောင်ကြည့်သောအခါ မှတ်တမ်းမှတ်ရာများ တိတိကျကျ အလွယ်တကူ မရှိ၍ အတော်ပင် မဖြစ်နိုင်သည့် အလုပ်ကို လုပ်မိနေသည်ဟုလည်း ခံစားမိသည်။ ထို့ကြောင့် ဖေဖေ့အကြောင်း ရေးထားခဲ့သော စာများကို အားလုံးနီးပါး လိုက်လံ ရှာဖွေ၍ ဖတ်ရသကဲ့သို့ ဖေဖေ့စာများကိုလည်း တတ်နိုင်သမျှ ကြိုးစား၍ အသေအချာ ဖတ်ရပါသည်။

ဖေဖေ့အတ္ထုပ္ပတ္တိသည် ဖေဖေ ပြောခဲ့သကဲ့သို့ပင် ရိုးစင်းလွန်းလှပါသည်။ ထို့ကြောင့် ဖေဖေ့အကြောင်းကို တင်ပြရင်း သူ ရေးသားခဲ့သည့် စာများ (ကဗျာ၊ ဝတ္ထုတို၊ ဘာသာပြန်၊ ဆောင်းပါး၊ စာတမ်း၊ ပြဇာတ်) ကို ပါ သေသေချာချာ စုစည်း၍ ပြည့်စုံအောင် တင်ပြရန် ဆုံးဖြတ်မိပါသည်။ ထိုသို့ ပြည့်ပြည့်စုံစုံ တင်ပြနိုင်ရန် ဖေဖေ့အကြောင်း ရေးသားခဲ့သော ဆောင်းပါးရှင် အတော်များများ၏ အကူအညီများကို ကျေးဇူးတင်စွာ ရယူခဲ့ရပါသည်။ ထို့ပြင် ကျွန်မ သိလိုသော အချက်အလက်များကို ပြောပြ ရှာဖွေပေးသော ရန်ကုန်တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှူး (ငြိမ်း) ဒေါက်တာ ဦးသော်ကောင်း၊ ဖေဖေ့တပည့်များ ဖြစ်ကြသော စာကြည့်တိုက်မှူး (ငြိမ်း) ဒေါ်စုစုနှင့် လက်ရှိ ရန်ကုန်တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှူး ဒေါ်လှိုင်လှိုင်ကြီးတို့ကိုလည်း ကျေးဇူးတင်ရပါသည်။

ဤစာအုပ် ဖြစ်မြောက်အောင် ကျွန်မ ရေးသားပြီးသော စာများကို စိတ်ရှည်ရှည်ထား၍ စိစစ်ပေးသော ဖေဖေ၏ သားတပည့် ဆရာမင်းယုဝေနှင့် လက်ရေးမူမှ ကွန်ပျူတာစာမူ ဖြစ်အောင် အကူအညီပေးခဲ့သော သမီးငယ် မြတ်ယဉ်မင်းကိုလည်း ကျေးဇူးတင်ရှိပါကြောင်းကို မှတ်တမ်းတင်အပ်ပါသည်။


mgyoe.com

mgyoe.com
SAMPLE BOOK

နောက်ဆုံးအနေနှင့် ဤသို့ ပြည့်ပြည့်စုံစုံ တင်ပြရာတွင် အချို့လူပုဂ္ဂိုလ်များ၏ အမည်များကို ရေးသား ဖော်ပြခဲ့ရသည်လည်း ရှိပါသည်။ စာရေးသူအနေနှင့် ပုဂ္ဂိုလ်ရေးရာ မပါဘဲ အကြောင်းအရာ အမှန်ကို သိစေလို၍ ရေးသားရခြင်း ဖြစ်သည့်အတွက် ထိုပုဂ္ဂိုလ်တို့၏ ဆွေမျိုးသားချင်းများအနေနှင့် နားလည် ခွင့်လွှတ်ပေးပါရန် ကြိုတင် တောင်းပန်အပ်ပါသည်။

ဒေါက်တာခင်မျိုးဟန်



mgyoe.com

mgyoe.com SAMPLE BOOK




ဖေဖေ၏ဖခင် ဦးယော ခေါ် ဦးရန်သင်း

mgyoe.com

mgyoe.com SAMPLE BOOK



ဖေဖေ၏မိခင် ဒေါ်စိန်ညွန့်

mgyoe.com

mgyoe.com SAMPLE BOOK



ဖေဖေတို့ မိသားစု (ဖခင်ကြီး ကွယ်လွန်ပြီးမှ ရိုက်သည့်ပုံ)

mgyoe.com

mgyoe.com SAMPLE BOOK

ဝံ သ ယ ု ဝ မ ဂ္ဂ ဇ င်း ၊

စိတ္တသုခလက်ာ။

(၁) ပုလဲရွှဲစီ၊ ကြိုးသီကီဠ်၊ အညီဆင်ယင်၊ ဘိကုံးတင်သို့၊ လင်္ကာ ဘုံပုံ၊ ဒသင်နှုန်းစပ်ရော့၊ နှစ်ဘိပ် မှန်ကို၊ တောင့်တ ပုံက၊ ပိန့်ဆိုမိန့်တန်း၊ သူလိုလမ်းနှင့်၊ ရှက်ထင်းသူဝန်၊ မဆက်ဆံဘဲ၊ တော်မှန်ပြောင့်မတ်၊ စိတ်ထားမြတ်သည်၊ချင်ဝင်တရ ထည်၊ ခိုင်ခံ့တည်၍၊ စောင့်သည် သစ္စာ၊ ဗွတ်ဝါစာလည်း၊ သုဘာဝ သီတ၊ လက္ခဏာနှင့်၊ ပြည့်ဝပေါကြွယ်၊စိတ်ထဲလွယ်သည်၊ ၊ရွှင်ဘွယ်စိတ်ဝမ်း၍သိုတည်း၊

(၂) စိတ်သွေးငင်ရာ၊ကိုယ်ခန္ဓာသည်၊ မပါပယ်ငြင်း၊ ဂတိကင်း၍၊ဝမ်းတွင်း တင့်ရှုး၊ စိတ်ဝါတ် ခြေကား၊ သဗ္ဗေသင်္ခါရ၊ အနိစ္စာတည့်၊ မရဏာ သ ဝိုး ဖို့ခဲ့၊ လောကီ သမ္ပတ်၊ ငည်းစိမ်မြတ်အား၊ ဝွန့်လွှတ်ပစ်ခွါ၊ ပသံသာနှင့်၊ နိဗ္ဗာ ပြု သည်၊ ၊ရွှင်မှုနှုလုံး ပြုံးပြုံးတည်း၊

(၃) ဝဋ္ဋေ ကတာ၊ ကံကြမ္မာ ကြောင့်၊ ဥက္ကာမြုတော၊ စိန်-ရွှေ ရှု ပြောထူ၊ ထိုသသူအား၊ ဌြုစုဇာသသာ၊ ရှင်းရှင်းကျသာ၍၊ ပိဋကဇီဝ၊ သ ကြွ ကြွယ်ဝဖြိုးသိုက်၊ထိုသူမိုက်အား၊မုန့်မိုက်မာန်ချ၊ကြံမပြု၍၊မည်သူကိုမှု သ ခေါင်၊ ဂရုဟိတာ၊မဆိုပါဘဲ၊ ပြည်ရွှာဆုငြိမ်း၊ ငရးခင်ဘိမ်း၍၊ မယိမ်းစိတ်သွေ ဖွ သည်၊ ၊စိတ်နေ ရွှင် ရွှင်ကြည်းကြည်းတည်း၊

(၄) မိုလ်လူများ၏၊ စကားဆိုးတင်း၊ ဖြစ်တင်ကင်းလျက်၊ စိတ်တွင်းဖြူသွင်၊ သုဋ္ဌိစင်၍၊ ဝံ့ကျင်များစွာ၊ မြောက်ပင့်ခါဖြင့်၊ သုငါဖျက်ဆီး၊ မပျက် စီးဘဲ၊ ပု စီး စေရန်၊ဝက်ဥာဏ်နှင့်၊ အမှန်အားထုတ်၊ နိုဝ်ချုနှုတ်လည်း၊ သူယုတ်ထံတွင်း ကျိုးမထင် အောင်၊ဆင်ခြင်သတိ၊နေတက်ဘိသည်၊ ၊ပီတိရွှေမိုးဖြိုးဖြိုးတည်း၊

(၅) အဋ္ဌဟိတာ၊ကိုယ်ဘို့ငှါသို့၊ချမ်းသာစီးပွါး၊မမက်ငြားဘဲ၊တရား ပြည့်ဝ၊ လိုဆန္ဒနှင့်၊ ဖျော်ဆထင်လင်း၊ သုံးဘုံမင်းအား၊ မယွင်းညနေ့၊ ကော်ရေပ်ပွေ့၍၊ ခလေ့ ထုံပါ၊ အားလပ်ခါလည်း၊ သဟာခင်ပွန်း၊ စာပေကျမ်းနှင့်၊ ဖြစ်သန်းစင်လွင့်၊ ပွေ့ လျော် တင့်၏၊ကဲမြင့်မောက်မို၊ဂုဏ်ထူးကိုလည်း၊လိုချင်စိတ်ကြွ၊မတောင့်တဘဲ၊ နှိုင့်ကျ လျော ဆင်း၊တွေကြုံလျှင်လည်း၊ရှုံခြင်းတုန်လှုပ်၊ ရှင်းရှင်းနဲ့လျက်၊ ညှိုတဲ့ဥက္ကာ၊ လယ်မြေယာနှင့်၊ မနာဘောဂ၊မပြည့်ဝလည်း၊ စိတ်ကခိုင်မတ်၊ ရောင့်ရဲတတ်၍၊ သုမြတ်တံထွာ၊စိတ်ချင်း သာသည်၊ ၊လောကာလူ့ရေ ငြိမ်းချမ်းတည်း၊

သစ္စာဝါဒီ သတင်းစာတိုက်က ချီးမြှင့်သော ရွှေဒင်္ဂါး ငါးပြားဆုရ ဘာသာပြန်ကဗျာ
"စိတ္တသုခလက်ာ"(၁၉၂၄ ခုနှစ်)

mgyoe.com

mgyoe.com SAMPLE BOOK



# ဝါဆိုလဘွဲ့ ညည်းချင်း။

ဝါဆိုကရေကန့်၊ ဝသဆိုဟာပ်ရ၊ လမြတ်
ကာယ်မသသား၊ နတ်ဗြဟ္မာဘုံ၊ ဟဉ္ဇာရ မိုး၊
လောင်း၊ နတ်ပွန်ကို၊ ပန့်ဘင်၍လျှိုကြ၊ အ
ကျိုးငယ်မျှော်မြင်၊ လူ့ရပ်ခွင်ဝယ်၊ သဗ္ဗ
ညု၊ တ၊ ဥဘာ်တော်ယုကြ ရန့်ဘို၊ ကပိလ
... အရှေပေါ်၊ သုဒ္ဓေါ်ဘော်၏၊ ကြော့
... ဝယ်၊ သဒ္ဓေမှိခအောင်း၊ တော့ဘယ်း ၊
အဂ္ဂါလိဗ္ဗ၊ လေးချောင်ပြ၊ ပဉ္စဘခါးပန်း။ ညို
လာ ၊ ရုဒ္ဓဘနှန်း၊ သို၊ ညဥ္ဆသန်းခေါင်ယံ၊
... ပုံဘွား၊ ဘု အဖျား၊ ခံ့သွား၊ ကာဝံ
... ပတ်ရ ကြို့ကြို့၊ ပဏ္ဏာသူ့ ၊ ဗိုလ်ပု
... ယ်၊ အသာဥ္ဍ္ဌာရ၊ ကြယ်ဇကဘို၊
... ပြကာ ထယ်ကြဘော့၊ သုံးဘုယ်
... ဝ်ရ၊ ယဘောသ်နှံ့မှင့်၊ ချောပေ့လာဆွေး၊ အါ
ရုံ...ခန်း၊ ဂန္ဓိုင်ဘန်း၊ ဝက်ပန်းချေ့သည်၊
သံ...ဝိုလို့ ကဲတော့ဘယ်၊ ၊ပြဒါးရည်
ပွဘ်၊ မင်းစံသွတ်သို၊ နွတ္တတ်ပုန်းညက်၊ အ
ငုံအမွှး၊ ရဂု ဦး မှာ၊ ဂုဏ်သူးဖြင့်ပွက်ပေရဲ့၊
တျက်တျာတျာ၊ သဏ္ဍာချောင် မြိုက်၊
ကြက်မာ့ဂုန့်နှင့်၊ ဝက်လိုက်လျှင်သာပါဘု၊
ထပ်ဘချာမကား၊ ဝင်းဘနှိုးနိုး၊ ခင်းမဟိဗ္ဗါ၊ နှင်း
ဆီဖြင့် ဗျပါဘီး၊ ပဘျိုန်းဂျိုန်း၊ ပမျှပင်ပွင့်၊
-ုသီလင့်၊ ခါနှိဖြင့်ကိုန်းပေပေါ့၊ သူယိမ်း၊ ချာ
ဆုံ ၊ လေဘဖြတ်ဖြတ်၊ သွေခတ်ကာ သုံ
ဘော့း၊ ငုံဘရုတ်ရုတ်၊ ညှာဘနှံရုံး၊ ပွင့်လုံး
ပြဘ်၍၊ လှုပ်ဘ ရွှံ့ရွှံ့၊ နဲ့ဘပိုင်ယိုင်၊ ဝဘို
ပေါက်ဘဲ့၊ ရိုးသောက်မြိုင်မှား၊ ဘုန့်းခိုင်
ဘိဗ္ဗဘ်၊ ဆံဘော်ဖြတ်၍၊ ဆက်ကပ်လာ
လျှင်၊ ဗြဟ္မာလူ့ဒါနုံး၊ ကြာသက်နုံးနှင့်၊ ရ
ဟန်းသွင်ဘိုး လွှ ဝင်ခိုလို့မြဘော့ဘယ်၊ ၊
ခေဘလာထံက်၊ ရွှေဝါကြက်သို ထိန်
လက်လျှပ်လျှပ်၊ သူရကန့်ယွှန်း၊ ဗသျှဝန်း၍၊
လေးကျွန်းပံတ်ကြ၊ နောက်ရပ် ဂေါယား၊
ချောင်ဝါကင်း၊ သက်ဆင်းလာ၍၊ ဇိနာပဝ
ရငါးပါး၊ ဝဋ္ဋိ၊ အဦး၍၊ ဝဇီဟာ၍။ မွေဝက်
ဆု၊ ဟောတော်မူသည်၊ ကဏ္ဍာဆူ၍လှုပ်
ဘော့တယ်၊ ၊ဘာဂဝါဇိနု၊ ဗြာင့်ဟ၊ က
ဏ္ဍာမ္ဗရင်း၊ ဝသုံမြေပဲး၊ ရုံရေမီး၊ ဘုံဘွေ
ညံး၊ လင်း၊ တော့၊ ဝင်းဘကြည်ကြည်၊ သူရိန္ဒ
ရ၊ မြန်း၊ ကြွလည်သည်၊ နတ်ပြည် ရွှင်လို့
လန်းဘော့တယ်၊ ၊တွေးဆပြန့်လှန်း၊ အါ့
ရုံပွား၊ ဘရားသန့်လျက်၊ ဖန့်ဖန့်ကြည်ညို
ကြည်နူးပိုရ၊ ၊(လေးဆစ်သဖြန့်)၊ ဝ
အလို၊ ဝါဆိုဘွင်းပေရို့၊ ပဋ္ဌင်းဖြင့်ခံချွန့်၊
လေးဗံတ်ဥဏ္ဏလုံနှင့်၊ ရွှေတိဂုံ ပေဘ်ထူးကို၊
ဦးချလို့နှိပ်၊ ၊လျှိုအလျှိုပြဘန့် ဆောင်း
မှာဖြင့်၊ ပျိုအဒိုလှပယောင်းငယ်တို၊ သီလ
ဘောင်းရလွှဲကြိမ်၊ ဝတ်နှံဖြင့်သူအလုံး ၊
လေးရပ်ကာသ်လာ၊ ဘေးပတ် ယဂံဏာ
ဖြင့်၊ မင်္ဂလာသာလို့၊ ဘိုးတယ်၊ မိုးယ်းရေ်က
ရုံး၊ ၊

ကျော်ချစ်။

၁၉၂၆ ခုနှစ် စက်တင်ဘာလထုတ် ယူနီဗာစီတီကောလိပ် မဂ္ဂဇင်း၊ အတွဲ (၁၇)၊ ပထမအုပ်ပါ
ကျောင်းချစ် ကလောင်အမည်ဖြင့် ဖေဖေ ရေးသားခဲ့သည့်
"ဝါဆိုလဘွဲ့ ညည်းချင်း"

mgyoe.com

mgyoe.com SAMPLE BOOK



ပိတောက်ပန်း။

နှင်းပါနဲ့ကွယ်၊ (ညှော်) မခူးခြင်စမ်းပါနဲ့၊ နှစ်ဆန်း
တော်မှီဖို့၊ ဇဝေ့ာ်ရည်ပြေပြေလိမ်းကာပ၊ ခဝ်သိမ်း
နိုင်စုံစုံသို့၊ မှင့်ရ ကိုလင့်ကုန်ကြတော့လို့၊ ခေါင်း
ကြွကာဆာ ဝေနှင့်၊ သူလဲလေလောက်
သားလိုပေါ့၊ ကြွားခြင်လိမ့်မယ်။

ညင်းပါဘိ၊ တိမ်မြင့်နီပြာပြာက၊ ကြည်သာသာလေအ
မွှင့်ဖြိုင်း၊ တိတာတာရွှေအမွှားခယ်တို့၊ လည့်ရှက်
ဘာတာယ်ညာလှုးလေတော့၊ သူတို့လိုဘယ်သူ
ပြုံးနိုင်ပါ၊ ထူးပါဘိတယ်။

ဆင်သက်၊ ဘန်းရယ်ကားကမ္ဘာမှာဘဝင်ချမ်းစေတဲ့
အနှာရွှင်ရွှင်လန်းအေးဆင်လို့၊ တမှင်မှန်းကာပ
သတ်ဆွယ်၊ ရည်ရွယ်တော့သလား။

ကွယ်၊ ပွင့်ဖူးမှာအဝါခြယ်၍၊ မာလာအလယ်မှာ
ခြင်ဘဲ့၊ နှလုံးရယ်ကြောင့်၊ နှစ်ဆုံးကုန်အတာ
ဝင်သို့၊ မာန်အင်ကိုညက်ဆင်မွေး
ကာဖြင့်၊ အရေးအခါသာမှ
မျှော်မှာတဂျက်ဆန်း
ဘယ်ပန်းပိတောက်များ။

[ကျောင်းသုံး]

*The "Padauk."*
*The Gumkino Blossoms*

O! please do forbear
To ruin her bashful promise
For the opening year.
What, if she dons a bodice,
And her myriad fragrant buds
With golden yellow gilds?
She, as well as you, is ...
A Nature's child.

When Zephyr from az... clouds
Loth waft his tender k...s,
How her flowerets dan...
Drunk with countless ...!
Disturb them not. 'Tis ...
To find such blithene...
On this weary earth.

So yellow! Could it be
That she hides a meanin...
'Neath her pageantry—
Such as the peace-breathing
"Word" shall spread its reign
O'er suffering's domain?

Oh do not pluck.
She loves to have her day
Like all the rest. Alas!
But once a year her sway,
Her yellow sway comes round:
And then with patient calm
She waits all the year round
The golden Padauk's turn.

K. ZAW.

၁၉၂၈ ခုနှစ် ယူနီဗာစီတီကောလိပ် မဂ္ဂဇင်းပါ ကျောင်းချစ် ကလောင်အမည်ဖြင့်
ဖေဖေ ရေးသားခဲ့သည့် "ပိတောက်ပန်း" ကဗျာ

mgyoe.com

mgyoe.com SAMPLE BOOK



" For me, mother, I will never wish to grow old, without remembering the time, when you lulled me to sleep."

## Beda Flower on the Current

*(Water Hyacinth)*

Wend thy way, my Beda, wend thy way."

So I requested a Beda flower.

For she said, " Let me come to thy shore to see my other friends that rejoice in sporting with the beautiful butterflies. "

Then I replied' " Yes, to wish is a friend's pleasure ; but, my Beda, these beautiful butterflies only come to drink the honey that perfume the nodding coloured heads of thy friends."

" Wend thy way, my Beda, wend thy way."

So I requested a Beda flower.

" Then, brother, I wish to be in the hands of a maiden, when she and her honest lover tell their first whispering tale. "

" Yes 'tis a delight to look at and to listen to these lovers.

Ah—the sight of beautiful sights, awakening the music of humanity !

" But my Beda—before the craving eyes of her lover, mute heart and shy love will secretly tell her timid roseate fingers to pluck thy petals one by one.

" And sometimes she gets cross with her lover, and to express her love-tinted-anger, she will fling thee down to the floor, though she doth not really mean it to thee. "

" Wend thy way, my Beda, wend thy way. "

So I requested a Beda flower.

" Then, brother, let me offer myself at the feet of my Lord Buddha, to lift up my worshipping eyes towards His face that wears a Niravanic smile."

" Yes, gazing humbly at His face, 'tis a delight to wither and die in an ecstasy of joy. Ah—the dream of beautiful dreams, painting a luminous ' Pyathat ' in the pale hour of the day !

But, my Beda, thou hath passed yonder little hamlet, and on the slope of the bank thou hath seen an image of Buddha, on whose shoulder stands aslant a dancing young banyan plant, with the ripple of green foliage, kissing away the dust from his noble neck.

" Now thou comest to the town and thou seest Him again, but in shining gold, proudly showering the glowing sparks of Niravanic Light.

" Carry them in thy mind "

" Yet to dream of beautiful dreams, wend thy way, my Beda, wend thy way.

" For the end of thy way is plain and sure "
So I requested a Beda flower.

Then, tears stood in my Beda's eyes, and she said to me in scornful tones.

" Brother, thou often sayst ' wend thy way and wend thy way ' : but why dost thou not wend thy way.

" My Beda, that is why I say, ' wend thy way ' and say to myself, ' wend thy way. "

" Alas ! my Beda, complain to me no more, complain not to me for ever. The words choke in my throat.

" But, my Beda, I shall still pray to thee, wend thy way. "

" For thou hast the swift current under thy feet and thou hast the gentle wind to swell thy blue sail."

" Wend thy way, my Beda, wend thy way, and for thee, oh flower, the end of thy way is plain and sure. "

---

Look not mournfully into the past, it comes not back again, wisely improve the present, it is thine.

*Longfellow.*

The University College Annual Vol. XX, No. 2, February, 1930

၁၉၃၀ ပြည့်နှစ် ဖေဖော်ဝါရီလထုတ် ယူနီဗာစီတီကောလိပ် မဂ္ဂဇင်းပါ
ဖေဖေ အင်္ဂလိပ်ဘာသာဖြင့် ရေးစပ်ခဲ့သည့် ကဗျာ

mgyoe.com

mgyoe.com

SAMPLE BOOK



ဆင်ခြင်ဘို့။ မိုးတပြင်လသာပေါက်ကိုကွယ်။ ထွင်းဖေါက်လို့ထား။ ။

ရွှေပြည်စိုး။

* * * * *

မြိုင်ပဟေမာ။

အာဘောင်ကို ဖွဲ့ကာပ။ ကြိုးထဲ့လို့ထိုး လျှို။ ပတပ်ကယ်ညိုညိုပြာ။ ချိုးခိုပါရရာသိပ် ပါလို့။ ဘေးအိပ်မှာလွှယ်ခဲ့တယ်လေး။ ။ လေးသွိုကိုင်။ ကုန်းပြင်တလျှောက်။ လောင်စာသင်း တက်ဆင်းကာ လျှောက်ခဲ့။ မြိုင်အောက်ကချိုးပျို။ ကြင်ဖေါ်ကွဲလို့ကူညွှံကာ ငိုရှေ့ထင့်။ ရှိုအလှဲ ငှအဆွယ်မှာ။ တူနှစ်သွယ်ရွှေလယ်ရက်ပါလို့။ လွန်းကြင်ငှက်ရှင်ကြဟန်ကို။ မြင်ပြန်တော့—ခင့်သက်ဝေမှာ။ တည်မနေ ဆွတ်လွတ်တမ်း ပါလို့။ လွမ်းမိတယ်လေး။ ။

ရွှေပြည်စိုး။

* * * * *

ဒိုး—အချင်း, လှိုင်းကလေး—သင်။
(သံချိုစပ်)

ပြင်ကျယ်ကျယ်ပင်လယ်စခမ်းဆီက
လမ်းဖြောင့်စွာသည်ကိုလာ၍
လေသုတ်ရာဟန်ညီကိုနဲ့ကာပ
နိမ့်လှဲ့ချီပေါ်တပြန်နှင့်
သည်ကမ်းယံခြေတော်ရင်းဆီသို
ဖူးမျှော်ရန်တုံ့ဝပ်စင်းတော့မလော့
ဘော ဒိုအချင်းလှိုင်းကလေး—သင်။
ကမ်းရောက်ပြန်တော့
တဖြောက်မြည်သံကြူလျက်
နဂိုရ်မှု စွန့်ကာပစ်ပါလို
မူသစ်တဆင်ခြယ်၍
ပြင်ကျယ်ကျယ်ပင်လယ်နန်းဆီသို့
မောင်အရင်လာတဲ့လမ်းဆီက
လှမ်းကြွမည့်ပြင်။
ဘယ်ဒေသဆီက
မောင်ကြွကာသည်ကိုလာ၍
သည်နေရာသည်တနန်းဆီက
မြန်းဦးမည်မောင်ကစပြန်တော့
ဘယ်ဌာနကြွမည်ထင်
ကြံချင်ဘုသည်အရေး။
သို့ကတဲ
စိတ်ထဲဥာဏ်အကြည်နှ
မောင်လာသည်လာစဉ်လမ်းမှာဖြင့်
နေနန်းရွှေဝါလှုံလျက်
ငွေလွှာခြုံဇင်ယော်ငှက်ကိုလ
ကျောထက်အသာတင်၍
ဇလာယဉ်ဖန်လို့ဆန်းခဲ့တော့
ဝမ်းမြောက်ဘို့လေး။ ။

ဇော်ဂျီ

၁၉၃၁ ခုနှစ်ထုတ် တက္ကသိုလ်ကျောင်းတိုက် မဂ္ဂဇင်းပါ
ဇော်ဇော် ရေးသားခဲ့သည့် "ဒိုး– အချင်း လှိုင်းကလေး သင်" ကဗျာ


mgyoe.com

mgyoe.com SAMPLE BOOK



မြို့မ အထက်တန်းပြဆရာဘဝ
(၁၉၃၁)

သိပ္ပံမောင်ဝနှင့်ပုံ (၁၉၃၆–၁၉၃၈)
[ခါးထောက်နေသူမှာ သိပ္ပံမောင်ဝ (ထိုစဉ်က ကျောက်ဆည်ခရိုင်ဝန်) ဖြစ်ပြီး
မတ်တတ်ရပ်နေသူမှာ ဖေဖေ ဖြစ်ပါသည်။]



mgyoe.com

mgyoe.com SAMPLE BOOK





ဘိလပ်သို့ ပညာတော်သင်သွား[illegible]မှ
ရိုက်ပို့သည့်ပုံများ (၁၉၃၈–၁[illegible])

ဖေဖေနှင့် မေမေ မင်္ဂလာဆောင်သည့်နေ့ (၁၉၄၁)
(ဖေဖေ့နောက်က ရပ်နေသူမှာ နမအကြီး ဒေါ်စောမြင့်၊ မေမေ့နောက်က ရပ်နေသူမှာ
အိမ်နီးချင်းမိတ်ဆွေ ဒေါ်ငြိမ်းငြိမ်း ဖြစ်သည်။)



mgyoe.com

mgyoe.com SAMPLE BOOK

# ဖေဖေ၏ ဆွေစဉ်မျိုးဆက်ဇယား

ဦးရွှေယာ + ဒေါ်လွှာ

↘

ဦးရန်သင်း (ခ) ဦးယော
ဦးရန်ရှင်း
ဒေါ်စောမြ
ဒေါ်မိုးမြ

ဦးမောင်ကြီး + ဒေါ်စံပွင့်

↙

ဒေါ်စိန်ညွန့်
မောင်ညွန့်မောင်

↓

ဦးရန်သင်း (ခ) ဦးယော + ဒေါ်စိန်ညွန့်

↓

ဦးသိန်းဟန် (ဆရာဇော်ဂျီ)
ဦးချစ်မောင်
ဦးဘသိန်း (သား လူခြောက်လေး)
ဦးလှသိန်း
ဒေါ်စောမြင့်
ဒေါ်လှရှင်
ဦးလှသောင်း
ဦးလှထွန်း
ဒေါ်လှမြင့်
ဒေါ်ထားရီ

မှတ်ချက်။ 'ဇော်ဂျီရာပြည့်မဂ္ဂဇင်း'တွင် ဖေဖေ၏ အဘွားကို ဒေါ်စိန်ပွင့် ဟူ၍ လည်းကောင်း၊ အဘွားက 'ဒေးဒရဲသူ' ဟူ၍လည်းကောင်း မှားယွင်းစွာ ဖော်ပြခဲ့ဖူးပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၁)

# ဖေဖေ၏ ငယ်စဉ်ဘဝ လေ့လာတွေ့ရှိရသမျှ

mgyoe.com

mgyoe.com SAMPLE BOOK

ဖေဖေတို့တွင် သက်ရှိထင်ရှား မောင်နှမ ကိုးယောက် မွေးခဲ့ပါသည်။ သား ယောက်ျားကလေး ငါးယောက်နှင့် သမီးမိန်းကလေး လေးယောက်တို့ ဖြစ်ပါသည်။ ထိုမောင်နှမ ကိုးယောက်တွင် ဖေဖေသည် အကြီးဆုံး ဖြစ်ပါ သည်။ ဖေဖေ၏ ဗိခင်၊ ကျွန်မ၏အဘွား ပြောကြားချက်အရ ဆိုလျှင် စုစုပေါင်း အရှင်မွေး ၁၂ ယောက် ဖြစ်ပြီး ဖေဖေ့အထက်အကြီး ယောက်ျား ကလေး သုံးယောက်မှာ ငယ်ရွယ်စဉ်ကပင် ဆုံးကုန်ကြသဖြင့် ဖေဖေသည် အကြီးဆုံး ဖြစ်သွားရပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၁)
# ဖေဖေ၏ ငယ်စဉ်ဘဝ လေ့လာတွေ့ရှိရသမျှ

**ဖေဖေ၏ မိဘမျိုးရိုး**

ကျွန်မ၏ ဖေဖေကို အဖ ဘိလစ်စာရေးကြီး ဦးယောနှင့် အမိ ဒေါ်စိန်ညွန့်တို့က ၁၉၀၇ ခုနှစ် ဧပြီလ ၁၂ ရက် သောကြာနေ့တွင် ဖျာပုံမြို့၌ မွေးဖွားခဲ့ပါသည်။

ဖေဖေ၏ဖခင် ဦးယောမှာ ဧရာဝတီ မြစ်ဝကျွန်းပေါ် သားတစ်ဦး ဖြစ်သော်ငြားလည်း ဖေဖေ မွေးဖွားရာ ဖျာပုံမြို့သားတော့ မဟုတ်ခဲ့ပါပေ။ အလုပ်ဝတ္တရားအရ မအူပင်မြို့မှ ဖျာပုံသို့ ပြောင်းရွှေ့လာရင်း ဖေဖေ၏ မိခင် ဒေါ်စိန်ညွန့်နှင့် အိမ်ထောင်ကျကာ ဖျာပုံမြို့တွင် အိမ်ရာ တည်ထောင်ခဲ့သူသာ ဖြစ်သည်။

ဘိလစ်ရုံးနှင့် သူ့ပတ်ဝန်းကျင် ဖျာပုံအသိုင်းအဝိုင်းတွင် ဦးယောဟုသာ လူသိများကြရာ မိဘများ မှည့်ခေါ်ထားခဲ့သည့် နာမည်ရင်း 'ဦးရန်သင်း'မှာ မထင်ရှားခဲ့ပါပေ။ ဖေဖေ၏ ဖခင်သည် မအူပင်မြို့က အဖ ဦးယာနှင့် အမိ ဒေါ်လွှာတို့၏ သားသမီး လေးယောက်အနက် အကြီးဆုံး သားကြီး သြရသပင် ဖြစ်သည်။ သူ့ အောက်တွင် ဦးရန်ရှင်းဟု တွင်သော ညီတစ်ယောက် ရှိပြီး ဒေါ်စောမြနှင့် ဒေါ်မိုးမြဟု ခေါ်ကြသော နှမ နှစ်ယောက် ရှိကြပါသေးသည်။ ဦးရန်သင်း၏ ကျန်ညီအစ်ကို မောင်နှမများအကြား ဦးရန်ရှင်းနှင့် ဒေါ်စောမြတို့ နှစ်ဦးသာ အိမ်ထောင်ကျသည်ကို တွေ့ရသည်။ ဒေါ်မိုးမြ (ဖေဖေတို့အခေါ် 'ဒေါ်လေးမမိုး') မှာ တစ်ကိုယ်တည်း အပျိုကြီးဘဝဖြင့် အသက် ၈၀ ကျော် အရွယ်အထိ နေထိုင်သွားခဲ့ရာ ကျွန်မတို့ တက္ကသိုလ် ရောက်သည်အထိ ကောင်းကောင်း မီလိုက်ပါသေးသည်။



mgyoe.com

mgyoe.com SAMPLE BOOK

ဖေဖေ၏ မိခင် ဒေါ်စိန်ညွန့်မှာ အဖ ဦးမောင်ကြီးနှင့် အမိ ဒေါ်စံပွင့်တို့မှ မွေးဖွားခဲ့သည့် တစ်ဦးတည်းသော သမီးလှရတနာ ဖြစ်ခဲ့ပါသည်။ သူ့တွင် မောင်ညွန့်မောင်ဟု တွင်သော မောင်ငယ်တစ်ဦး ရှိခဲ့ဖူးသော်လည်း အသက် ငယ်ရွယ်စဉ်မှာပင် ကွယ်လွန် အနိစ္စရောက်ခဲ့ရာ မွေးချင်းအရင်းအချာ မရှိဘဲ ဝမ်းကွဲဆွေမျိုးမောင်နှမများကိုသာ အရင်း လုပ်၍ ကြီးပြင်းလာရဟန်တူသည်။ ဖေဖေ့မိခင်၏ မိဘများသည် ဒေးဒရဲမြို့တွင် အခြေချရာမှ 'ရေကြည်ရာ မြက်နုရာ' ရှာရင်း ဆွေမျိုးတချို့နှင့် ဖျာပုံမြို့သို့ ရောက်လာခဲ့ပုံပေါ်သည်။ ထို့ကြောင့် ဖေဖေ့မိခင်၏ ဆွေမျိုးတချို့သည် ဖျာပုံမြို့တွင် ရှိနေခဲ့သကဲ့သို့ ဒေးဒရဲ မြို့တွင်လည်း ရှိနေခဲ့ကြပေသည်။

တစ်ချိန်က ဖေဖေကိုယ်တိုင် ဤသို့ ပြောပြခဲ့ပါသည်။

"သမီးတို့ မေမေကြီးက အညာ ဆင်ဖြူကျွန်းမှာ မွေးခဲ့တဲ့ ဆင်ဖြူကျွန်းသူ စစ်စစ်တဲ့၊ မွေးပြီးမှ အင်္ဂလိပ် မြန်မာပြည်ကို သိမ်းတော့ ရပ်ရွာ မငြိမ်မသက်ဖြစ်လို့ သူတို့အမျိုးတွေ ရှိရာ မြစ်ဝကျွန်းပေါ်ဒေသကို ရောက်လာရတာတဲ့၊ သူတို့အမျိုးတွေထဲမှာ မြင်ကွန်း-မြင်းခုံတိုင်အရေးတုန်းက ရဲမက် ဖြစ်ခဲ့သူတွေ ပါတော့ အစောကြီးကတည်းက ပြဿနာ ဖြစ်လာမှာ ကြောက်လို့ လှေကြီးနဲ့ စုန်ဆင်းပြီး မြစ်ဝကျွန်းပေါ်ဒေသမှာ နေရာအနှံ့အပြား နေခဲ့ကြတာတဲ့"

ဖေဖေ့မိခင်တို့၏ အဘိုး ညီအစ်ကိုများ တည်ထားခဲ့သည့် ဘုရား၊ ကျောင်း၊ ဇရပ်များကို ရေစကြိုဘက်တွင် ရှိသည်ဟု ဆိုပါသည်။ ဖေဖေကိုယ်တိုင် ရေစကြိုမြို့သို့ သွားရောက်၍ သူ့ဘိုးဘေးများ တည်ခဲ့သည် ဆိုသည့် ကျောင်း ဇရပ်များကို ကြည့်ခဲ့ဖူးပါသေးသည်။ 'ဦးချင်းညီအစ်ကို'ဇရပ် ဆိုလျှင် သိကြသည်ဟု ပြောခဲ့ဖူးပါသည်။ ကျွန်မကိုယ်တိုင် ၂၀၁၁ ခုနှစ် ပခုက္ကူဘက် ရောက်ခဲ့စဉ်က ရေစကြိုသို့ ရောက်ခဲ့ရာ သစ်သား ရှေးဇရပ်ကြီးများကို တွေ့ခဲ့ရသော်လည်း ဇရပ်အလှူရှင်၏ အမည်ကို မေးမြန်း၍ မရနိုင်တော့သဖြင့် တိတိကျကျ မသိခဲ့ရပါပေ။

ကျွန်မ၏အဘွား၊ ဖေဖေ၏မိခင်သည် အညာသူသာ ဆိုသည် အသား ဝါဖန့်ဖန့်၊ အရပ်အမောင်း ထောင်ထောင်မောင်းမောင်း၊ မျက်နှာမှာ ချောမောသည်ဟုပင် ဆိုနိုင်ပါသည်။ ကျွန်မတို့ သိမီသည့် အရွယ်မှစ၍ ကွယ်လွန်သည်အထိ (၁၉၅၅ ခုနှစ် ဒီဇင်ဘာလတွင် ကွယ်လွန်) ကိုယ်လုံးကိုယ်ထည်မှာ အရပ်နှင့် လိုက်အောင်ပင် ပြည့်ပြည့်ဖြိုးဖြိုး ဖြစ်ခဲ့သည်ဟု မှတ်မိနေပါသေးသည်။ ဖေဖေ၏အသားအရေမှာ သူ့မိခင်နှင့် တူ၍ ဝါဖန့်ဖန့်အနေအထား ရှိပေသည်။ နှာတံပေါ်၍ မျက်လုံးမျက်ဖန်ကောင်းပုံမှာ ဖခင်ဘက်နွယ်သည်ဟု ကျွန်မ ထင်ပါသည်။



mgyoe.com

mgyoe.com
SAMPLE BOOK

ကျွန်မတို့က အဘွားကို မေမေကြီးဟုပင် ခေါ်ပါသည်။ ဖေဖေတို့က သူတို့မိဘများကို ဖေဖေ၊ မေမေဟုပင် ခေါ်ကြပါသည်။ ကျွန်မတို့မှာ အဘိုး အဘွားဆို၍ မေမေကြီးတစ်ယောက်ကိုသာ သက်ရှိထင်ရှား မီခဲ့ရသည်။ ဖေဖေ၏ဖခင်မှာ ဖေဖေ ဘီအေဘွဲ့ ရသည့် ၁၉၂၉ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။ ခင်ပွန်းသည် ကွယ်လွန်သည့် အချိန်တွင် မေမေကြီးမှာ အသက် ၄၀ ကျော်ကျော် ၄၄ နှစ်လောက်သာ ရှိဦးမည်ဟု ထင်သည်။ သားသမီး ကိုးယောက်နှင့် အသက်ငယ်ငယ်ရွယ်ရွယ် မုဆိုးမ ဖြစ်ရ၍ အတော် ဒုက္ခရောက်ခဲ့မည်ဟု မှန်းဆ၍ ရနိုင်ပါသည်။ အသက်ငယ်ငယ်နှင့် အိမ်ထောင်ကျခဲ့ပြီး ခင်ပွန်းသည် ရှိစဉ်က သုံးစွဲမှုကို စီစီစစ်စစ် လုံးဝ မလုပ်ခဲ့ဖူးသူ ဖြစ်နေခဲ့၍လား မသိ၊ မေမေကြီးသည် ကျွန်မတို့ သိမီသည့်အရွယ်ထိ အလှူအတန်းလည်း ရက်ရောသကဲ့သို့ အသုံးအစွဲလည်း လက်ဖွာသူ ဖြစ်သည်။

သိရသလောက် ခင်ပွန်းသည် ကွယ်လွန်သည့်အချိန်၌ မေမေကြီးတွင် ဥစ္စာပစ္စည်း စုမိဆောင်းမိသမျှ ရွှေ အချိန် တစ်ပိဿာလောက် ရှိသည်ဟု ဆိုသည်။ (ထိုခေတ်က ရွှေတစ်ကျပ်သား၏တန်ဖိုးမှာ ရူပီး ၁၅-၂၀ ခန့်သာရှိပါသည်။) စီးပွားရေးအနေနှင့်လည်း မည်မည်ရရ လုပ်တတ်ကိုင်တတ်သည် မရှိ၍ ရွှေတိုရွှေစသာ ထုခွဲ ရောင်းချရင်း နေထိုင်ခဲ့သည်ဟု သိရသည်။ ခင်ပွန်းသည် နေမကောင်း၍ ဆေးကုသနေချိန်ကပင် အိမ်သုံးစရိတ် မလောက်င၍ ခင်ပွန်းသည်၏ (ပတ္တမြားတွင် စိန်ရံထားသည့်) လက်စွပ်ကို ရူပီး ၅၀ ဖြင့် ထိုစဉ်က သူ့အိမ်တွင် ရောက်နေသည့် ယောက္ခမ ဒေါ်လွှာထံ ပေါင်ခဲ့ပြီး မရွေးနိုင်သဖြင့် အပေါင်ဆုံးခဲ့ရသည်ဟု ကြားခဲ့ဖူးသည်။ ထို့ကြောင့်လည်း ဖေဖေက သူ့မိခင်ကို သူ၏ အိမ်ထောင်ရေးကိစ္စကလွဲလျှင် အခြားကိစ္စများတွင် 'တစ်ခွန်းပြော'ပင် ဖြစ်ကာ အားလုံးကို ခေါင်းညိတ် သဘောတူခဲ့ဟန် တူသည်။

## ဖေဖေ၏ မိသားစု

ဖေဖေတို့တွင် သက်ရှိထင်ရှား မောင်နှမ ကိုးယောက် မွေးခဲ့ပါသည်။ သားယောကျ်ားကလေး ငါးယောက်နှင့် သမီးမိန်းကလေး လေးယောက်တို့ ဖြစ်ပါသည်။ ထိုမောင်နှမ ကိုးယောက်တွင် ဖေဖေသည် အကြီးဆုံး ဖြစ်ပါသည်။ ဖေဖေ၏မိခင်၊ ကျွန်မ၏အဘွား ပြောကြားချက်အရ ဆိုလျှင် စုစုပေါင်း အရှင်မွေး ၁၂ ယောက် ဖြစ်ပြီး ဖေဖေ့အထက်အကြီး ယောကျ်ားကလေး သုံးယောက်မှာ မွေးပြီး ငယ်ရွယ်စဉ်ကပင် ဆုံးကုန်ကြသဖြင့် ဖေဖေသည် အကြီးဆုံး ဖြစ်သွားရပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဖေဖေ၏အောက် ဒုတိယညီသည် ဦးချစ်မောင်ဟု အမည်တွင်ပါသည်။ စစ် မဖြစ်မီကပင် ဆယ်တန်း အောင်ပြီး တက္ကသိုလ် မတက်တော့ဘဲ မြို့အုပ် သင်တန်း တက်ကာ မြို့အုပ်အဖြစ် အစိုးရဝန်ထမ်းဘဝသို့ ဝင်ခဲ့သူ ဖြစ်ပါသည်။

ဦးချစ်မောင်အောက် မွေးသော ညီမှာ 'လူခြောက်ကလေး'အဖြစ် မွေးလာ သူ ဖြစ်ပါသည်။ မွေးစကပင် အသားများ ခြောက်ကပ်နေပါသော်လည်း အပေါ် ယံ အရေပြား ဖုံးနေသည့် ခေါင်း၊ ကိုယ်၊ ခြေ၊ လက်များ ပြည့်ပြည့်စုံစုံနှင့် မွေး ဖွားလာခြင်းကြောင့် ဖေဖေ၏မိဘများက မမြှုပ်နှံလိုက်ဘဲ မောင်ဘသိန်းဟု အမည်ပေးကာ ငွေသေတ္တာကလေးထဲတွင် မွေ့ရာခံ၍ သိမ်းဆည်းထားခဲ့ပါ သည်။ အခြား သားများကို ပုဆိုး ဝယ်ပေးလျှင် သူ့အတွက်လည်း တစ်ထည် ဝယ်ပေး၍ သေတ္တာဘေးတွင် ထားပေးလေ့ရှိသည်ဟု သိခဲ့ရဖူးပါသည်။ အခြား သားများနှင့်တန်းတူ သတ်မှတ်၍ ထားပေးထားပါသည်။

ဖေဖေ၏ စတုတ္ထညီမှာ ဦးလှသိန်းဟု အမည်တွင်ပါသည်။ စတုတ္ထမြောက် မွေးဖွားသူ ဖြစ်သော်လည်း အများက သူ့ကို တတိယညီဟုပင် သိကြပါသည်။ စစ်မဖြစ်မီကပင် ဝိဇ္ဇာဘွဲ့ ရခဲ့ပြီး နောင် ဘီအယ်လ် (B.L) ဘွဲ့ ထပ်ရကာ လွှတ်တော်ရှေ့နေဘဝဖြင့် နေထိုင်ခဲ့ပါသည်။

ထိုညီအစ်ကိုများအောက်တွင် ဒေါ်စောမြင့်နှင့် ဒေါ်လှရှင်ဟု အမည်တွင် ကြသော နှမနှစ်ယောက်ကို အသက် တစ်နှစ်ခွဲစီ ခြား၍ ထပ်ဆင့် မွေးခဲ့ပါသည်။ နှစ်ယောက်စလုံးပင် တန်းမြင့်ကျောင်း ပြီးသည်နှင့် ကျောင်းထွက်ကြရ၍ အိမ်မှု ကိစ္စများကိုသာ လုပ်ကိုင်စေခဲ့ပါသည်။ နှမအကြီး ဒေါ်စောမြင့် အသက် ၂၀ ကျော်အရွယ်တွင် လာတောင်းရမ်းသော သစ်တော ဝန်ထောက်တစ်ဦးနှင့် ဖေဖေ၏မိခင်ကြီးက လက်ထပ်ပေးခဲ့ပါသည်။ မိခင်ကြီးနှင့် မောင်နှမများကို သံယောဇဉ် ကြီးလွန်းနေသူ ဖြစ်ရာ အိမ်ထောင်သည်ဘဝကို မပျော်ပိုက်နိုင်ဘဲ ခင်ပွန်းသည် တာဝန်ဖြင့် ခရီးထွက်နေခိုက် မိသားစုနေအိမ်သို့ ပြန်လာနေခဲ့ပြီး နောင် ခင်ပွန်းသည် ပြန်လာခေါ်သည့်အခါ ပြန်မလိုက်တော့ဘဲ နေခဲ့ရာ အိမ် ထောင်ပျက်ခဲ့ရပါတော့သည်။ ထိုအချိန်မှစ၍ ဖေဖေက သူ၏နှမများကို လာ တောင်းတိုင်း သူတို့ လက်မခံဘဲ အိမ်ထောင်ချမပေးရန် မိခင်ကြီးကို အနူး အညွတ် တောင်းပန်ခဲ့သည်ဟု သိခဲ့ရပါသည်။

နှမနှစ်ဦး၏အောက်တွင် ညီနှစ်ဦး ထပ်မွေးခဲ့ရာ ညီအကြီး ဦးလှသောင်းမှာ ရန်ကုန်တက္ကသိုလ်တွင် ဥပစာသိပ္ပံတန်း ဒုတိယနှစ် တက်နေစဉ် ဒုတိယကမ္ဘာစစ် ကြီး ဖြစ်လာ၍ ထွက်ခဲ့ရသည်။ စစ်အတွင်းမှစ၍ မြန်မာနိုင်ငံအတွက် လွတ်လပ်


mgyoe.com

mgyoe.com SAMPLE BOOK

ရေး ကြိုးပမ်းမှုတွင် အားကြိုးမာန်တက် လှုပ်ရှားရင်းနှင့် နိုင်ငံရေးလောကသို့ ဝင်ရောက်ခဲ့သူတစ်ဦး ဖြစ်သည်။

ဖေဖေ၏ညီထဲတွင် အငယ်ဆုံး ဖြစ်သည့် ဦးလှထွန်းမှာ တက္ကသိုလ်ဝင်တန်း တက်နေစဉ် စစ်ကြီး ဖြစ်လာ၍ ဆက်မတက်ဖြစ်ဘဲ ရှိခဲ့ပါသည်။ နောင် စစ်အပြီးကာလတွင် အစိုးရဝန်ထမ်းအဖြစ် ဆက်၍ အမှုထမ်းနေဖြစ်သည်။

ထိုညီအငယ်ဆုံး၏အောက်တွင် နှမငယ်နှစ်ယောက် ထပ်ရှိသေးသည်။ နို့ညှာနှမမှာ ဒေါ်လှမြင့် ဖြစ်ပြီး ဖေဖေတို့၏ ဖခင်ကြီး ဆုံးသည့်အချိန်တွင် အသက်ခုနစ်နှစ်မျှသာ ရှိသည်။ လွတ်လပ်ရေးရပြီးနောက် တက္ကသိုလ်ဝင်တန်းကို ဖြေဆိုအောင်မြင်သည်။ ရန်ကုန်တက္ကသိုလ်တွင် ဥပစာ ဝိဇ္ဇာတန်း ဒုတိယနှစ်အပြီးတွင် ပညာရေးတက္ကသိုလ် တက်ရောက်၍ (B.Ed) ပညာရေးဝိဇ္ဇာဘွဲ့ ရခဲ့သည်။ အစိုးရဝန်ထမ်းအဖြစ် ဖျာပုံမြို့တွင်ပင် အထက်တန်းပြဆရာမ၊ ကျောင်းအုပ်ဆရာမကြီး၊ မြို့နယ်ပညာရေးမှူး ရာထူးအဆင့်ဆင့် ဆောင်ရွက်ခဲ့ပြီး နောက်ဆုံးတွင် ပဲခူးတိုင်းဒုတိယတိုင်းပညာရေးမှူးဘဝနှင့် အငြိမ်းစားယူခဲ့သည်။

နှမ အငယ်ဆုံးမှာ ဒေါ်ထားရီဟု အမည်တွင်ပြီး ဖေဖေတို့၏ ဖခင်ကြီး ကွယ်လွန်သည့်အချိန်တွင် အသက် ငါးနှစ်မျှသာ ရှိသေးသည်။ ငယ်စဉ်ကပင် ဝဝဖြိုးဖြိုးကလေး ဖြစ်၍ အိမ်တွင် 'ပေါက်စီ'ဟု ချစ်စနိုး ခေါ်ကြပါသည်။ သူသည်လည်း စစ်ကြီးအပြီးတွင် တန်းမြင့်ကျောင်းထွက်လက်မှတ် ရပြီး တက္ကသိုလ်ဆက်မတက်တော့ဘဲ အစိုးရဝန်ထမ်းဘဝသို့ ဝင်ခဲ့ပါသည်။ ကျွန်မတို့ကတော့ ဒေါ်ဒေါ်ထားဟု ခေါ်ကြသော်လည်း ဖေဖေကမူ သူ့နှမအငယ်ဆုံးကို ချစ်စနိုး ဖြင့် ငယ်နာမည်ကိုသာ အိမ်တွင် ခေါ်လေ့ရှိသည်။

ကျန်မောင်နှမအားလုံးက အကြီးဆုံး အစ်ကို သုံးဦးကို နာမည်ရှေ့တွင် 'အစ်ကိုကြီး'ဟု တပ်၍ ခေါ်ကြသည်ကို တွေ့ရသည်။ အကြီးယောကျ်ားသုံးဦးကမူ တစ်ဦးနှင့် တစ်ဦး နာမည်ရှေ့တွင် 'ကို' တပ်၍ အချင်းချင်း ခေါ်ဆိုကြသည်။

ဖေဖေတို့ မောင်နှမတစ်တွေသည် အသက် တစ်နှစ်ကျော်ကျော် နှစ်နှစ်စီလောက်သာ ကွာကြသည်။ ဖေဖေ အသက် ၂၀ ကျော်ကျော် ၂၂ နှစ် ဘီအေအောင်သည့်နှစ်တွင် သူ့နှမ အငယ်ဆုံးသည် ငါးနှစ်အရွယ်သာ ရှိသေးသည်။ ထို့ကြောင့်လည်း ဖေဖေက သူ့ညီအစ်ကိုမောင်နှမများ (အထူးသဖြင့် နှမများ) ကို သူ့သားသမီးများသဖွယ် ချစ်ခင်ကြင်နာ၍ 'အစ်ကိုကြီး အဖအရာ' အနေနှင့် စောင့်ရှောက်ကြည့်ရှုခဲ့သည်။ ထိုသို့ စောင့်ရှောက်ခဲ့၍လည်း အငယ်များက ဖေဖေ့ကို လေးစား ချစ်ခင်ခဲ့ကြသည်။


mgyoe.com

mgyoe.com
SAMPLE BOOK

ဖေဖေတို့ မိသားစုတွင် ဖခင်ကြီးသည် အစိုးရဝန်ထမ်းပီပီ အိမ်အပြင်ကိစ္စများနှင့်သာ အချိန်ကုန်နေရသဖြင့် တစ်ကြောင်း၊ ဖေဖေ၏မိခင်ကြီး ကျွန်မ၏အဘွား ပြောကြားချက်အရ ရှေးက အိမ်ထောင်ဦးစီး အများစုသည် 'အိမ်ဦးနတ်' နေရာရကြ၍ အိမ်၌ မိသားစုနှင့် ရောရောနှောနှော မနေဘဲ သီးသီးသန့်သန့် ခပ်ထည်ထည် နေလေ့ရှိသည်မို့ တစ်ကြောင်း သားသမီးများက ကြောက်ရွံ့ကြသည်။ ထို့ကြောင့်လည်း အိမ်တွင် အမြဲလိုလို အတူ ရှိ၍ ပြောလိုရာ ရင်းရင်းနှီးနှီး ပြော၍ရသော မိခင်ကြီးကိုသာ ဖေဖေတို့မောင်နှမတစ်တွေ ပို၍ အနီးကပ်ချွဲနွဲ့နိုင်ကြသည်ကို တွေ့ရသည်။

## ဖေဖေ ကြီးပြင်းလာပုံ

ဖေဖေ့ကို ဖျာပုံမြို့၏ မြောက်ပိုင်းဘက် မကျည်းပင်တန်းရပ်တွင် မွေးဖွားသည်ဟု သိရသော်လည်း ဖေဖေ သိတတ်၍ ဆော့ကစားနိုင်သည့်အရွယ်တွင် မိဘများနှင့်အတူ ဖျာပုံမြို့၏တောင်ပိုင်း သဘော်ဆိပ်အနီး ပထမလမ်း အိမ်အမှတ် (၁၂) သို့ ရောက်နေပြီဟု မှန်းဆရသည်။ ဖေဖေကိုယ်တိုင် ရံဖန်ရံခါ ပထမလမ်းအိမ်ရှေ့မှ သဘော်ဆိပ်၏ သောင်ပြင်ကြီး၌ (ဖေဖေတို့ ငယ်စဉ်က သောင်ပြင်ကြီးနှင့် သဘော်ဆိပ်မှာ ယခု သဘော်တံတားလမ်းနှင့် တည့်တည့်ခန့်တွင် တည်ရှိသည်ဟု သိရသည်။) ညီအစ်ကိုတစ်တွေ (ဖြစ်နိုင်ခြေ များသည်မှာ အကြီးညီအစ်ကို သုံးယောက်၊ သုံးယောက် ဆိုသော်လည်း ဖေဖေ၏ တတိယညီမှာ လူခြောက်ကလေးဖြစ်နေ၍ ဖေဖေ၏ စတုတ္ထညီ ဦးလှသိန်း အပါအဝင်မှ ညီအစ်ကို သုံးယောက်ဟုပင် လူသိများကြသည်) ဆော့ကစားတတ်ကြသည့်အကြောင်း ပြောဖူးသည်။

ညနေ သဘော်ဆိပ် သောင်ပြင်ရှိ ညောင်ပင်ကြီးအောက်တွင် ကုန်ထမ်းသော ကုလား ကူလီများ ထမင်းစားသည်ကို သွားကြည့်၍ ထိုကုလား ကုန်ထမ်းများ စားသည့်အတိုင်း ထမင်းပုံကာ မရန်းပြားခြောက်၊ ဆား၊ ငရုတ်သီးစိမ်းတို့ကို ပြင်ဆင်ပေးပါရန် သူတို့မိခင်ကို ပူဆာတတ်ကြောင်း၊ ပူဆာလွန်းအားကြီး၍ မိခင်က ပြင်ဆင်ပေးရာ စားကြည့်သည့်အခါ ထိုသူများ မြိန်ယှက်စွာ စားသကဲ့သို့ မစားနိုင်ကြသည့်အကြောင်းကို ပြောပြလေ့ရှိသည်။ ထိုအချက်ကို ထောက်၍ သိတတ်သည့် အရွယ်လောက်တွင် တောင်ပိုင်း ပထမလမ်းအိမ်သို့ ရောက်နေကြပြီဟု သိနိုင်သကဲ့သို့ ဖေဖေ့တွင် ထိုအရွယ်ကပင် လက်တွေ့သုတေသန လုပ်ကြည့်ချင်သည့်စိတ်သည် ကိန်းအောင်းလျက် ရှိနေပြီဟုပင် ဆိုနိုင်ပေသည်။



mgyoe.com

mgyoe.com
SAMPLE BOOK

ဖျာပုံမြို့ မကျည်းတန်းရပ်ကွက်တွင် ဖေဖေ၏ မိဘများသည် အိမ်ထောင်ကျ ခါစက အမျိုးများနှင့်အတူ ရောနှောနေခဲ့ကြပြီးနောက် ဖေဖေနှင့် သူ့အောက် တစ်နှစ်စီ ခြားသော ညီငယ် သုံးယောက် မွေးဖွားအပြီးတွင် ဖျာပုံမြို့တောင်ပိုင်း ပထမလမ်းအိမ်သို့ အိမ်ဝယ်၍ ပြောင်းခဲ့ဟန်တူပါသည်။

ဖေဖေ၏မိဘများပိုင် အိမ်ကြီးသည် သုံးပင်လိမ် သုံးခန်းတွဲ သစ်သားနှစ်ထပ် အိမ်ကြီး ဖြစ်သည်။ မြစ်ကမ်းနားဘက်သို့ မျက်နှာစာပြုထား၍ အပေါ်ထပ်တွင် သစ်သားတရုတ်ကပ် တံခါးပေါက်များ အပြည့် ရှိသည်။ အောက်ထပ် မျက်နှာစာ တွင် တစ်ပေါက်လျှင် ကိုးပေခန့် အကျယ်ရှိသော တွန့်ခေါက်၍ ပိတ်ရသည့် အတွင်း သစ်သားမင်းတုံးထိုး ပျဉ်းကတိုး တံခါးကြီးများ တပ်ဆင်ထားသည်။ အိမ်မကြီးမှ အနောက်ဘက်သို့ ပေ ၃၀ ခန့် ရှည်၍ နောက်ဖေးဆောင်သည် လည်း ပေ ၂၀ ခန့် ရှည်သည်။ အနောက်ဆောင်၏ အနောက်ဘက်တွင် ၁၀ ပေ ပတ်လည်ခန့်ရှိ ရေချိုးခန်းနှင့် မီးဖိုခန်းတို့ အိမ်၏ တစ်ဖက်တစ်ချက်စီတွင် ရှိကြသည်။ ထို့ကြောင့် အိမ်၏ အရှည်မှာ ပေ ၆၀ ခန့် ရှိမည်ဟု ခန့်မှန်းနိုင်သည်။ အနောက်ဆောင်၏ ဝဲဘက်ဘေးတွင် အိမ်မထဲမှ ထွက်ကာ မျက်နှာသစ်ရသည့် ၄ ပေ × ၅ ပေ ကပြင်တစ်ခု ရှိသည်။ ထိုကပြင်နှင့် တစ်ညီတည်း အိမ်၏ဘေး တွင် ရာဝင်စဉ့်အိုးကြီး ၁၀-၁၂ လုံးခန့်ဖြင့် မိုးရေများ သိုလှောင်ထားသည်ကို ကောင်းစွာ မှတ်မိသေးသည်။ ဖျာပုံမြို့သည် သောက်ရေနှင့် ချက်ပြုတ်ရန်ရေကို မိုးရေ သို့မဟုတ် ကန်ရေကို အဓိကထား၍ သုံးကြသည်ဟု ထိုစဉ်က ကျွန်မ သိရသည်။ ချိုးရေနှင့် အကြမ်းသုံးရေကို မြစ်ရေ သုံးသည်ဟု နားလည်ခဲ့ပါသည်။ [မှတ်ချက်- ထိုပထမလမ်းရှိ သစ်သား နှစ်ထပ်အိမ်ကြီး၌ ကျွန်မတို့ ငယ်စဉ်က ဖျာပုံမြို့သို့ သွားတိုင်း နေထိုင်ခဲ့ရပြီး ၁၉၆၂ ခုနှစ်ရောက်မှ ထိုသစ်သားအိမ်ကြီး ကို ဖျက်၍ ယခု ပထမလမ်းရှိ အိမ်အမှတ် (၁၂) အောက်တိုက်ခံနှင့် နှစ်ထပ်အိမ် ပြန်ပြင်ဆောက်ခဲ့သည်ကို မှတ်မိနေသည်။]

ထိုသစ်သားနှစ်ထပ်အိမ်ကြီးကို ဖေဖေ့ဖခင် ဦးယော၏ ကျေးဇူးမကင်းသော မြေပိုင်ရှင်ကြီးတစ်ဦးက ငွေကြေးတချို့ စိုက်ထုတ်ပေး၍ ဝယ်နိုင်ခဲ့ပြီး ဖြည်းဖြည်း ချင်း ပြန်ဆပ်ရင်းနှင့် ပိုင်ဆိုင်ခဲ့သည်ဟု ကြားဖူးခဲ့ပါသည်။ ထိုမြေပိုင်ရှင်ကြီးမှာ ဖျာပုံခရိုင် 'စခမ်းကြီး'ရွာဘက်မှ ဖြစ်၍ သူကိုယ်တိုင် မကျန်းမမာ ဖြစ်သည့်အခါ ဖေဖေ၏ မိဘများအိမ်၌ပင် တစ်လကိုးသီတင်း ဆိုသည့်ပမာ နေထိုင်ရင်း ဆေး ကုသမှု ခံယူခဲ့သည်ဟုလည်း ဖေဖေ၏မိခင် ပြောပြ၍ ကြားဖူးသည်။ ထိုမျှ ရင်းနှီးကြသော စခမ်းကြီးရွာက မြေပိုင်ရှင်ကြီးကိုယ်တိုင်သာမက သူ၏ သား

mgyoe.com

mgyoe.com SAMPLE BOOK

သမီး ဆွေမျိုးများနှင့်ပါ ဖေဖေတို့ မိသားစုများမှာ ဆွေမျိုးရင်းချာများကဲ့သို့ နေထိုင်ခဲ့ကြသည်ကို တွေ့ရပေသည်။

ထိုမျှ ကြီးမားသော အိမ်ကြီးသို့ ပြောင်းရွှေ့ရသည့်အခါ ဖေဖေ၏ မိခင်သည် သူ၏မိဘများကိုပါ အပါ ခေါ်ခဲ့ဟန်တူပါသည်။ သူ့နောက် လိုက်နိုင်မည့် အဆွယ် အပွား အဒေါ်၊ အစ်မဝမ်းကွဲ၊ မောင်ဝမ်းကွဲများလည်း ပါလာပုံပေါ်သည်။ ထို့ ကြောင့်သာ ထိုမျှ ကြီးမားသော အိမ်ကြီးကို ဝယ်ခဲ့ခြင်း ဖြစ်မည်ဟု ထင်ပါသည်။

သားသမီးများ ပွားစည်းပုံနှင့် ဆိုလျှင် ဘေးမှအကူ ဆွေမျိုးရင်းချာများ မရှိလျှင် လွယ်မည် မထင်။ ဖေဖေ့မိခင်ကိုယ်တိုင် ပြောခဲ့ဖူးသည့်စကားလည်း ရှိသည့်အတွက် ဆွေမျိုးတရုန်းရုန်းနှင့် ဖြစ်နေသည့် ဖေဖေတို့ မိသားစုကို မှန်းဆ ကြည့်နိုင်သည်။ ဖေဖေတို့သည် မိခင်ဘက်မှ အဘိုးအဘွား၊ ဦးကြီးဒေါ်ကြီးတို့ အခြံအရံဖြင့် နေခဲ့ရ၍ ချစ်ခင်ယုယမှုကို နွေးနွေးထွေးထွေး ခံခဲ့ရနိုင်သည်။ ထို့ ကြောင့်လည်း ဖေဖေသည် အမျိုးအလွန်ချစ်တတ်သောသူ ဖြစ်သည်ဟု ဆိုရမည်။

ဖေဖေသည် သူ့မိခင်ဘက်မှ အမျိုးများနှင့် ဖျာပုံမြို့တွင် အတူ နေရသဖြင့် ပို၍ ရင်းနှီးဟန် ပေါ်သော်လည်း မအူပင်မြို့ဘက်က အဘွား၊ ဖေဖေတို့အခေါ် ‘အမေကြီး မလွှာ’နှင့် အဒေါ်အပျိုကြီး ဒေါ်လေးမမိုးတို့ ဖျာပုံမြို့သို့ မကြာခဏ လာတတ်ခြင်းကြောင့် ဖခင်ဘက်မှ အမျိုးများကိုလည်း မစိမ်းဟု ဆိုရပေမည်။ ဖေဖေ၏ မိခင်ဘက်မှ အဘွားမှာ ၁၉၂၀ ပြည့်နှစ် ဖေဖေ ၁၃ နှစ်သား အရွယ် ခန့်တွင် ကွယ်လွန်သည်ဟု သိရပြီး ဖေဖေ၏ မိခင်ဘက်မှ အဘိုး ဦးမောင်ကြီး မှာလည်း သူ့ဇနီးသည် ကွယ်လွန်ပြီး ၄-၅ နှစ်အကြာတွင် နောက်အိမ်ထောင် ပြု၍ ဖျာပုံမြို့နှင့် မနီးမဝေး အောက်ကွင်းကြီးရွာတွင် သွားရောက်အခြေချသည် ဟု ဆိုသည်။ မိခင်ဘက်မှ အဘိုးအဘွားများ အိမ်တွင် မရှိတော့သည့်နောက်ပိုင်း မအူပင်မြို့ဘက်မှ အဘွားသည် ပို၍ အရောက်အပေါက် များလာပုံရပေသည်။

ဖေဖေတို့သည် ဖခင်ဘက်မှ အမျိုးများ ရှိရာ မအူပင်မြို့သို့လည်း မကြာ ခဏ သွားဖူးနေ၍ ထိုမြို့မှ ဆွေမျိုးသားချင်းများနှင့်လည်း ခင်မင်ရင်းနှီးနေကြ သည်ကို တွေ့ရပါသည်။ မအူပင်မြို့ဘက်မှ ဖေဖေ၏ ဦးလေး ဦးရန်ရှင်း၌ သားသမီး သုံးယောက် ရှိသည်။ သူ့မောင်နှမဝမ်းကွဲ သုံးယောက်ကိုလည်း ဖေဖေ သံယောဇဉ်ကြီးသည်ကို ကျွန်မတို့ သိရသည်။ ဖေဖေ၏အဒေါ် နှစ်ဦးအနက် အဒေါ်အကြီး ဖြစ်သူ ဒေါ်စောမြသည် အသားဖြူ၍ မျက်နှာပေါက်မှာလည်း ဒေါ်မိုးမြထက် ပိုချောသည်။ ထိုအင်္ဂလိပ်ခေတ်က မြန်မာလူမျိုး လယ်ဝန်တစ်ဦး နှင့် အိမ်ထောင်ကျသဖြင့် ကောင်းစားခဲ့သည်။ သားသမီး မထွန်းကားခဲ့သော်

mgyoe.com

mgyoe.com
SAMPLE BOOK

လည်း ဒေါ်လေးမမိုးလောက် တူ၊ တူမ အရင်းအချာများနှင့် နီးနီးကပ်ကပ် ရင်းနှီးမှု ရှိခဲ့သူ မဟုတ်ခဲ့ပါ။ နောင် ခင်ပွန်းသည် ကွယ်လွန်ပြီးနောက် ညီမ အပျိုကြီးကို ခေါ်၍ မွေးစားသားတစ်ယောက်နှင့် မအူပင်မြို့၌ပင် သီးသန့် နေထိုင်ခဲ့သည်။ တူ၊ တူမများကမူ အဒေါ်များကို တလေးတစားနှင့် လိုအပ်သည့် အကူအညီများ အစဉ် ပေးအပ်ခဲ့ကြောင်းကို ကျွန်မတို့ သိခဲ့ရသည်။

## ရပ်ဆွေရပ်မျိုးများ

ဖေဖေတို့ မိသားစု တောင်ပိုင်းသို့ ပြောင်းလာပြီးမှ တွေ့ဆုံရသည့် ရပ်ဆွေရပ်မျိုး များအနေနှင့် အရင်းအချာများကဲ့သို့ အတော်များများ ရင်းနှီးခဲ့ကြသူများ ရှိ ခဲ့ပါသည်။ ဖေဖေတို့ မိဘများ၏နေအိမ်နှင့် နှစ်အိမ်ကျော်လောက်တွင် ယခု ထက်တိုင် သင်္ဘောတံတားလမ်းဟု ခေါ်သော ပထမလမ်းနှင့် ထောင့်မှန်အနေ အထားအရှေ့မှ အနောက်ဘက်သို့ ရှေးရှုနေသော လမ်းကလေး ရှိသည်။ ထို လမ်းအတွင်း၌ စာရေးဆရာ (ဦး) သိန်းဖေမြင့်၏ယောက္ခမ ဖေဖေ့အခေါ် 'မမသိန်းဟန်'တို့ မိဘများနှင့် ဆွေမျိုးအိမ်များ ရှိခဲ့ဟန်တူသည်။ ထိုကြီးကြီး ဒေါ်သိန်းဟန်၏ မိခင်နှင့် ညီအစ်မတစ်စုတို့သည် ဖေဖေ့မိခင် ဒေါ်စိန်ညွန့်နှင့် ညီအစ်မ အရင်းအချာများကဲ့သို့ ရင်းနှီးကြပြီး ဖေဖေတို့ ငယ်စဉ်က သူတို့အိမ်မှ စာဖတ်ဝိုင်းများတွင် ပါဝင်ခဲ့ကြသူများ ဖြစ်ကောင်းဖြစ်နိုင်ပါသည်။

ဆော့ကစားသန်သည့် ခုနစ်နှစ် ရှစ်နှစ်အရွယ် ဖေဖေတို့ ညီအစ်ကိုတစ်တွေ ရပ်ကွက်အတွင်း လှည့်လည်ကစားရာ၌ ထိုသင်္ဘောတံတားလမ်းမှ အိမ်များသည် သူတို့ဒဏ်ခံရသည့် အိမ်များ ဖြစ်နေပေမည်။ ကြီးကြီး ဒေါ်သိန်းဟန်တို့ ညီအစ်မ လေးယောက်အနက် အကြီးနှစ်ယောက် ဖြစ်ကြသော ကြီးကြီးဒေါ်သိန်းဟန်နှင့် ကြီးကြီးဒေါ်သန်းတို့မှာ ဖေဖေတို့ထက် ကိုးနှစ်ဆယ်နှစ်ခန့် ကြီးသူများဟု ခန့်မှန်း ရသည်။ ထို့ကြောင့် ကျွန်မတို့ ရန်ကုန်တက္ကသိုလ်ဝင်း ပုဂံလမ်း၌ နေစဉ် အိမ်သို့ ကြီးကြီး ဒေါ်သိန်းဟန် ရောက်လာသည့် တစ်ရက်တွင် ပြောပြဖူးသည်မှာ-

"ညည်းတို့အဖေ ညီအစ်ကိုတွေကတော့ ငယ်ငယ်တုန်းက နာမည်ကျော်ပါ အေ။ တို့ရပ်ကွက်ထဲက မိုးကြိုး၊ လျှပ်စီး၊ လောင်မီး ဆိုတာ သူတို့ညီအစ်ကို သုံးယောက်ပေါ့။ မောင်သိန်းဟန်ရယ်၊ မောင်ချစ်မောင်ရယ်၊ မောင်လှသိန်း ရယ်ပေါ့"

ဟူ၍ ဖြစ်သည်။ အိမ်၌ ဆော့လွန်းအားကြီးသည်က တစ်ကြောင်း၊ သူတို့အောက်မှ ကလေးငယ်များကလည်း အစီအရီမို့တစ်ကြောင်း လူကြီးများ လက်မအားနိုင်ကြ

mgyoe.com

mgyoe.com
SAMPLE BOOK

သဖြင့် အကြီး ညီအစ်ကိုသုံးယောက်ကို အပြင်၌ ဆော့ကစားရန် လွှတ်ထားရပုံ ပေါ်ပါသည်။ ထို့ကြောင့်လည်း မိဘများနှင့် ရင်းနှီးပြီးသား ရပ်ဆွေရပ်မျိုးအိမ်များက သူတို့ဒဏ် အတော် ခံရသည်ဟု မှန်းဆ၍ ရနိုင်သည်။

ကြီးကြီးဒေါ်သိန်းဟန်တို့မှာ ဖေဖေတို့ကို ငယ်စဉ်က စ၍ ရင်းနှီးလာကြသူများ ဖြစ်နေ၍လား မသိ၊ သူတို့ အိမ်ထောင်ကျပြီး ကိုယ်တိုင်မိသားစုဘဝများ ရလာသည့်တိုင် သူတို့သားသမီးများနှင့် ဖေဖေတို့ မောင်နှမများ ဆက်၍ ခင်မြဲခင်နေကြသည်။ သူတို့ သားသမီးများကလည်း ဖေဖေ့ကို ဖေဖေ၏ ညီငယ်၊ နှမငယ်များ ခေါ်သည့်အတိုင်း အစ်ကိုကြီးဟုသာ ခေါ်ကြသည်။ ကြီးကြီးဒေါ်သိန်းဟန်၏ သမီးအလတ် ဖြစ်သူ အန်တီခင် (ဆရာဦးသိန်းဖေမြင့်၏ဇနီးဒေါ်ခင်ကြည်ကြည်) ဆိုလျှင် ဖေဖေ၏ ညီငယ်တစ်ဦး ဖြစ်သူ ဦးလှသောင်းနှင့် ရွယ်တူမို့ မောင်နှမအရင်းသဖွယ် ခင်မင်သည်။

"ညည်းဦးလေး အဆွယ်ကောင်းလို့ အာရှလူငယ် အစည်းအရုံးထဲ ဝင်ဖြစ်တာ" ဟု ကျွန်မကို တွေ့တိုင်း ပြောတတ်သည်။ အာရှလူငယ် အစည်းအရုံး ဖျာပုံမြို့၌ ဖွဲ့စည်းစဉ် ကျွန်မဦးလေး (ဦးလှသောင်း) က စည်းရုံးရေးမှူး ဖြစ်ခဲ့သည်ဟု သိရသည်။ ထိုအာရှလူငယ်အဖွဲ့တွင် ပါဝင်လှုပ်ရှားရင်း အန်တီခင်သည် နိုင်ငံရေးကိစ္စဖြင့် ဖျာပုံမြို့သို့ ရောက်လာသည့် ဘုတလင်မြို့သား ဆရာဦးသိန်းဖေမြင့်နှင့် ဖူးစာဖက် ဖြစ်ခဲ့ရသည်ကို ကျွန်မတို့ ကြားဖူးနေသည်။

ကြီးကြီးဒေါ်သိန်းဟန်၏ညီမ ကြီးကြီးဒေါ်သန်းနှင့် အိမ်ထောင်ကျသူ ဘဘဦးဘလွင်သည်လည်း ဖေဖေ့ကို ညီငယ်တစ်ဦးကဲ့သို့ ချစ်ခင်၍ အနွံအတာခံခဲ့ပေသည်။

ဖေဖေ အသက် ၁၀ နှစ် ၁၁ နှစ်လောက် အရောက်တွင် သူ့ညီငယ်နှစ်ဦးနှင့် လိုင်းကွဲသွားဟန်ရှိသည်။ ဆော့ကစားခြင်းထက် အိမ်မှ အဘိုးအဘွားနှင့် မိခင်တို့၏ စာဖတ်ဝိုင်းများကို ပို၍စိတ်ဝင်စားလာပုံရသည်။ ထို့ပြင် ဖျာပုံမြို့ မကျည်းတန်းရပ်ဘက်တွင် အခြေချ နေထိုင်ကြသော 'နန်းတွင်းရာမ'ဇာတ်အဖွဲ့ မိသားစုများ၏ ကိုးရက်၊ ဆယ်ရက်တိုင်တိုင် နှစ်စဉ် ကပြလေ့ရှိသော 'ရာမ'ဇာတ်ကိုလည်းကောင်း၊ ဖျာပုံမြို့သို့ ရံဖန်ရံခါ ရောက်လာတတ်သော ဦးဖူးညို၏ 'ရုပ်သေးစင်တော်ကြီး'အဖွဲ့ ကပြမှုများကိုလည်းကောင်း ပိုနှစ်သက်လာသည် ထင်သည်။

ဖေဖေသည် ရုပ်သေးစင်တော်ကြီးအဖွဲ့ ရောက်လာ၍ ကပြလျှင် အိမ်က လူကြီးများနှင့် လိုက်ကြည့်သည့်အပြင် ကြီးကြီး ဒေါ်သန်း၏ ခင်ပွန်း ဘဘဦးဘလွင်ကိုလည်း "အစ်ကိုဘလွင်၊ ရုပ်သေးကြည့်ရင် ကျွန်တော့်ကို ညကျ


mgyoe.com

mgyoe.com
SAMPLE BOOK

လာခေါ်နော်" ဟု ကြိုတင် အချိန်းအချက်လုပ်လေ့ ရှိသည်။ ပွဲအတူ ကြည့်သည့် အခါ ပွဲထဲက ရွတ်နေသည့် စာသားများကို လိုက်လံမှတ်သား ရွတ်ဆိုနေတတ် ကြောင်းကို ထိုဘဘ ဦးဘလွင်က သူ၏ တစ်ဦးတည်းသော သမီး အန်တီငြိမ်း (ဒေါ်ခင်ငြိမ်း- ဖေဖေ့နှမအငယ်တစ်ဦး ဖြစ်သူ ဒေါ်လှမြင့်၏ ငယ်သူငယ်ချင်း) ကို မကြာခဏ ပြောပြောပြကြောင်း ကျွန်မကို အန်တီငြိမ်းက ပြန်ပြောပြ ခဲ့သည်။

ဖေဖေ့ကို ညီငယ်အရင်းတစ်ဦးကဲ့သို့ ချစ်၍ ဘဘ ဦးဘလွင်ကဲ့သို့ပင် အနွံတာခံသူ နောက်တစ်ဦးမှာ ကြီးကြီးဒေါ်သိန်းဟန်တို့နှင့် မောင်နှမ တစ်ဝမ်း ကွဲသည့် ဘဘ ဦးဘသောင် ဖြစ်ပါသည်။ ဘဘ ဦးဘသောင်သည် ဗိုလ်မှူးချုပ် တင့်ဆွေ [ယခင် စက်မှု (၁) ဝန်ကြီးဟောင်း] ၏ ဖခင် ဖြစ်သည်။ ဘဘ ဦး ဘသောင်သည် ကျွန်မတို့ ကမ္ဘောဇလမ်း နေအိမ်သို့ ပြောင်းလာပြီး နောက်ပိုင်း တွင် ယခင် တက္ကသိုလ်ဝင်း ပုဂံလမ်း နေအိမ်သို့ လာသည်ထက် ပို၍ အရောက် များလာသည်။

ထိုစဉ်က ဘဘသည် ဗဟန်း ရေတာရှည်လမ်းဟောင်းတွင် သမီးဖြစ်သူနှင့် အတူ နေထိုင်သည်။ ကျွန်မတို့ ခြံရှေ့ ရောက်သည်နှင့် "မောင်သိန်းဟန်ရေ" ဟု အော်ခေါ်လေ့ရှိသကဲ့သို့ ဖေဖေကလည်း "ကိုကြီးသောင် လာ လာ" ဟု ဝမ်းသာအားရ ကြိုဆိုနေကျ ဖြစ်သည်။ တစ်ခါတစ်ရံ နေ့လယ်စာ ထမင်းစားပြီးမှ ပြန်သွားလေ့ရှိသည်။ ကျွန်မတို့ မိသားစုကိုလည်း ဆွေမျိုးရင်းချာကဲ့သို့ ချစ်ခင် ဆက်ဆံ၍ သီတင်းကျွတ် ကန်တော့တိုင်းလည်း 'ဘဘသောင်'မှာ စာရင်းထိပ်ဆုံး ၌ ပါဝင်သည့် ကန်တော့ခံတစ်ဦး ဖြစ်သည်။ ထို့ကြောင့် ကျွန်မတို့ ငယ်စဉ်က တကယ့်ဆွေမျိုးအရင်းများဟုပင် ထင်ခဲ့မိသည်။

ဖေဖေသည် ငယ်ရွယ်စဉ်အခါကပင် ဆွေမျိုးအရင်းတစ်သိုက်နှင့် သိုက်သိုက် ဝန်းဝန်း နေရ၍ ချစ်ခြင်းမေတ္တာကို အပြည့်အဝ ရရှိခဲ့သူ ဖြစ်နေသကဲ့သို့ သူ့ ကို ချစ်ခင်မြတ်နိုးကြသော ရပ်ဆွေရပ်မျိုးများ ဝိုင်းရံလျက် ကြီးပြင်းလာရသူ လည်း ဖြစ်နေ၍လား မသိပါ၊ သူကိုယ်တိုင်လည်း ပတ်ဝန်းကျင်ကို ချစ်ခင်တတ်ပြီး 'အကောင်းမြင်'ဘက်၌ အမြဲမြဲလိုလို ရှိနေတတ်ပါသည်။

ဖေဖေ၏ ပတ်ဝန်းကျင်တွင် ဆွေမျိုးအချင်းချင်း ဆက်ဆံရာ၌လည်းကောင်း၊ ရပ်ဆွေရပ်မျိုးတို့နှင့် ဆက်ဆံရာ၌လည်းကောင်း တစ်ဦး၏ လိုအပ်ချက်ကို တစ်ဦးက ဖြည့်ဆည်းပေးလေ့ရှိသည့် အနေအထားကို အစဉ်အမြဲလိုလို တွေ့ခဲ့ ရပုံ ပေါ်ပါသည်။ ထို့ကြောင့်လည်း ဖေဖေ၏ အတွင်းစိတ်တွင် သူတစ်ပါး၏


mgyoe.com

mgyoe.com
SAMPLE BOOK
လိုအပ်ချက်ကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးချင်သည့် ကောင်းမြတ်သော စိတ်ဆန္ဒတို့သည် ငယ်စဉ်ကပင် ကိန်းအောင်းခဲ့ဟန် တူပါသည်။

**စာသင်ချိန်ကာလနှင့် စာပေခရီးအစ**

ဖေဖေသည် ငါးနှစ်အရွယ်တွင် ကျောင်းတက်နေရပြီ ဖြစ်သော သူ့မြေးမကို ကြည့်ရင်း-

"ငါ့မြေးကလေးကို သနားလိုက်တာ၊ ဘိုးဘိုးတို့ ငယ်ငယ်တုန်းက ဒီအရွယ် ကျောင်းမတက်ရသေးပေါင်၊ ခုနစ်နှစ် ရှစ်နှစ်လောက်အထိ ဆော့ကစားနေရတုန်းပဲ"ဟု ပြောဖူးသည်။

ပြောပုံအရဆိုလျှင် ဖေဖေတို့ခေတ်က ခုနစ်နှစ် ရှစ်နှစ်အရွယ်အထိ ကျောင်းမနေကြသေးဘဲ ဆော့ကစားနေကြဆဲ ဖြစ်ပုံရသည်။ ကျွန်မတို့၏အဘွား ဖေဖေ၏ မိခင်ကြီးသည် ဘာသာတရား ကိုင်းရှိုင်း၍ ရဟန်းသံဃာများကိုလည်း အလှူအတန်း ရက်ရောသူ ဖြစ်သည်။ ဖေဖေတို့ ညီအစ်ကိုတစ်တွေ ကိုရင်ဝတ်နိုင်သည့်အရွယ်တွင် သူ ကိုးကွယ်သည့်ကျောင်းတွင် ကိုရင် ဝတ်စေရင်း အပ်နှံခဲ့ခြင်း ဖြစ်ပုံရသည်။ ထိုအရွယ်ကျမှ ဖေဖေတို့သည် ဘုန်းကြီးကျောင်း ပညာရေးနှင့် နဖူးတွေ့ဒူးတွေ့ စတင် အကျွမ်းဝင်ခဲ့ရသည်။ ဘုန်းကြီးကျောင်းတွင် စာရွတ်၍ အဆင်မပြေလျှင် ကြိမ်နှင့် ဆော်သည်ကို တွေ့မြင်ခဲ့ဖူးသော ဖေဖေသည် 'ကျောင်း'နှင့် 'ကြိမ်'ကို တွဲ၍ ရွံ့နေခဲ့ပုံရသည်။ အတန်းကျောင်း တက်သည့်အခါတွင်လည်း စာ မရပါက အရိုက်ခံရသည့်အပြင် စာဖတ်ခိုင်း၍ နေရာမကျပါကလည်း လက်ဝါးကို ကြိမ်နှင့် အရိုက်ခံရပြန်သည်ကို တွေ့နေရာ 'စာအုပ်'နှင့် 'ကြိမ်'လုံးကို တွဲ၍ ကြောက်နေတတ်ကြောင်း ဖေဖေ ရေးခဲ့သည့် 'စာအုပ်စင်နှင့် ကျွန်တော်' စာတမ်းတွင် ဖတ်ဖူးခဲ့ကြပါလိမ့်မည်။

ထို့နောက်မှ ရှေ့က ရေးခဲ့သည့်အတိုင်း အိမ်က စာဝိုင်း၊ ကဗျာဝိုင်းများကို သဘောကျလာ၍ တစ်ကြောင်း၊ ဖျာပုံ 'ရာမ'ဇာတ်အဖွဲ့၏ ဆွဲဆောင်မှုနှင့် ဖျာပုံသို့ နှစ်စဉ်လိုလို ရောက်တတ်သော 'ဦးဖူးညို' ရုပ်သေးစင်တော်ကြီးအဖွဲ့၏ အနုပညာနှင့် ကာရန်နဘေထပ် ရွတ်ဆိုသမျှကို စိတ်ဝင်စားမှု ရှိလာ၍တစ်ဖုံ ဖေဖေသည် ဆော့ကစားခြင်းထက် စာပေဘက်သို့ အလေးသာလာတော့သည်မှာ ထင်ရှားပါသည်။

မိခင်ဘက်ကအဘိုး ဦးမောင်ကြီးသည် စာပေဘက်သို့ စိတ်ဝင်စားလာသော မြေးဦးကလေးကို စာအုပ်များ၏ တန်ဖိုး ပိုနားလည် ပိုသိလာစေရန် လမ်းညွှန်ပြ


mgyoe.com

mgyoe.com
SAMPLE BOOK

တတ်သူ ဖြစ်သည်။ ငယ်စဉ်ကပင် အိမ်၌ အတူနေသူလည်း ဖြစ်၊ ညအိပ်ရာဝင်ပုံပြင် ပြော၍ ဆိုဆုံးမတတ်သူလည်း ဖြစ်ပြန်ရာ ပို၍တွယ်တာ ချစ်မြတ်နိုးခဲ့ပေမည်။ အဘိုး ဦးမောင်ကြီးသည် ဖေဖေ့ကို ငယ်စဉ်ကပင် 'သံချို'ကဗျာများ အမြဲလိုလို ရွတ်ဆိုပြပေးနေတတ်သူ ဖြစ်ကြောင်းကိုလည်း ဖေဖေ မန္တလေး၌ ဆရာဦးမောင်မောင်တင်ထံတွင် 'ဗေဒါလမ်း'ကဗျာများကို ရွတ်ဆို အသံသွင်းပေးစဉ်က ပြောကြားခဲ့ကြောင်း သိရသည်။ ထိုသို့သော အဘိုးနှင့် မြေး သံယောဇဉ်တွယ်တာမှုသည် နောင် ဖေဖေ ရေးခဲ့သည့် 'အောင်ဘော်နှင့် လေးလုံး' (၁၉၃၄ ခုနှစ်၊ ဂန္ထလောက) ကိုယ်တိုင်ရေး ဝတ္ထုတိုကလေး၏ မြစ်ဖျားခံရာ အကြောင်း တစ်ရပ်လည်း ဖြစ်နိုင်သည်ဟု ကျွန်မ ထင်မြင်မိပါသည်။ ဖေဖေသည် သူ့အဘိုး လမ်းညွှန်သည့်အတိုင်း သူ့အိမ်မှ စာအုပ်စင်ကို နှစ်သက် သဘောကျ စိတ်ဝင်စားလာပြီး အချိန်ရှိသမျှ ဖတ်ရှုလေ့လာခဲ့သည်ဟု သိရသည်။

စာများကို စိတ်ဝင်စားနေပြီ ဖြစ်သော ၁၃ နှစ်သား၊ အစိုးရ တန်းမြင့်ကျောင်းသား ဖေဖေသည် ၁၉၂၀ ပြည့်နှစ်နောက်ပိုင်းတွင် အမျိုးသားကျောင်းသို့ ပြောင်းရွှေ့ ပညာသင်ခွင့် ရခဲ့သည်။ ထိုအမျိုးသားကျောင်းတွင် ယခင် အစိုးရကျောင်းနေစဉ်က မသင်ခဲ့ရသော မြန်မာနိုင်ငံသမိုင်းကို စတင်သင်ကြားခဲ့ရသည့်အပြင် မြန်မာစာကိုလည်း ပိုအလေးထား သင်ကြားခြင်း ခံရသည်။ ထို့ကြောင့် မြန်မာစကားပြေရေးနည်းသာမက ကဗျာစပ်နည်းများပါ တတ်မြောက်လာရသည်။ ထိုအချိန်မှာပင် စာကို စိတ်ဝင်တစား ဖတ်ရှုလေ့လာလိုစိတ် ပြင်းပြနေသော တန်းမြင့်ကျောင်းသား ဖေဖေ့ကို တစ်ဖက်မှ သူ၏ဖခင်ကြီးက ကျောင်းအပြီးတွင် အစိုးရ ဝန်ထမ်းဘဝထဲသို့ သွင်းချင်နေသည်ကိုလည်း လေ့လာတွေ့ရှိရပြန်သည်။

ဖခင်ကြီး ဦးယောကိုယ်တိုင်မှာလည်း တန်းမြင့်ကျောင်းအပြီးတွင် ဝန်ထမ်းလောကသို့ ဝင်ရောက်လာရသူ ဖြစ်နေသည်ကတစ်ကြောင်း၊ အသက် ၂၀ ကျော်ကျော်အရွယ်နှင့် ဘီလစ်စာရေးရာထူးကို ရနေပြီး ဖြစ်သည်ကတစ်ကြောင်း တို့ကြောင့် သူက သားဖြစ်သူကို ထိုသို့ ဖြစ်စေချင်နေသည်မှာ မဆန်းဟု ကျွန်မ ထင်မိသည်။ ထိုခေတ်ထိုအခါက လူလတ်တန်းစားများလောက၊ အထူးသဖြင့် နယ်၌ ကြီးပြင်းလာကြသော လူလတ်တန်းစား အတော်များများသည် သားသမီးကို တက္ကသိုလ် ပို့ရန် စိတ်ကူးမရှိကြသည်ကို တွေ့ရသည်။ ချမ်းသာ၍ အမြော်အမြင်ရှိကြသော မိဘများသည်သာ ရန်ကုန်တက္ကသိုလ် သို့မဟုတ် နိုင်ငံခြားသို့ ပို့၍ သားသမီးကို ပညာ ဆက်လက်သင်စေသည့်သဘော ရှိကြသည်။ ခေတ်၏ အနေအထားအရ အုပ်ချုပ်သူ အင်္ဂလိပ်များကလည်း ရာထူးရာခံ မြင့်မြင့် နေရာ

mgyoe.com

mgyoe.com SAMPLE BOOK

များကို မြန်မာများအား ပေးလေ့မရှိသဖြင့် မြန်မာမိဘများ အနေနှင့် ငွေကြေး အကုန်အကျခံ၍ သားသမီးများကို တက္ကသိုလ် ပို့ရန် စိတ်ကူး မရှိကြသည်မှာ လည်း သဘာဝကျသည်ဟု ကျွန်မ ယူဆသည်။ သို့ရာတွင် စာပေ၌ မွေ့လျော်၍ စာပေကို ဆက်လက် လေ့လာချင်နေသော ဖေဖေ့အတွက်မူ အခက်တွေ့၍ ဖခင်ကြီး၏ သဘောဆန္ဒကို မလိုက်လျောနိုင်သကဲ့သို့ ဖြစ်နေဟန် ရှိနေရပါ သည်။ သို့အတွက်ကြောင့် မိခင်ကြီးကို အပူကပ်၍ ရန်ကုန် သရက်တောကျောင်း တိုက်၌ ဖွင့်ထားသော အမျိုးသားကျောင်းသို့ လာရောက်၍ ပညာ ဆက်လက် သင်ယူခဲ့သည်။

ထိုသရက်တောကျောင်းတိုက်မှ အမျိုးသားကျောင်းသည် တက္ကသိုလ်သို့ ဝင် နိုင်သည့် အခွင့်အရေး မရှိသည်ကို သိရသည့်နောက် အခွင့်အရေးရသည့် အစိုးရ အထောက်အပံ့ခံ မြို့မ အမျိုးသားအထက်တန်းကျောင်းသို့ ဝင်ခွင့်ရရန် ကြိုးစား ရာ ဝင်ခွင့်ရခဲ့သည်။ ရန်ကုန်၌ ကျောင်းတက်နေစဉ်အတွင်း ကဗျာဉာဏ်လည်း ပိုပွင့်လန်းရန် အခွင့်အရေးများ ရလာသည်နှင့် ဖေဖေ လက်တည့်စမ်း ရေးသားခဲ့ သည့် ရှေးမူမပျက် စပ်ဆိုထားသည့် လေးချိုး၊ ဒွေးချိုး၊ ဘွဲ့ စသည်များကို သတင်းစာတိုက်များ၊ မဂ္ဂဇင်းတိုက်များသို့ ပေးပို့ခဲ့သည်။ ၁၉၂၄ ခုနှစ် အသက် ၁၆-၁၇ နှစ်အရွယ်ကပင် 'နေရှယ်နယ်ဒေးဘွဲ့'နှင့် 'အမျိုးသား အောင်ပွဲနေ့ မင်္ဂလာရတုပိုဒ်စုံ'တို့ကို ရေးသား၍ 'ဝိသာယုဝမဂ္ဂဇင်း'သို့ ပေးပို့ခဲ့ရာ ၎င်းမဂ္ဂဇင်း အတွဲ (၁) အမှတ် (၁) တွင် ဖော်ပြခြင်း ခံရသည်။ ထပ်မံ၍ ပေးပို့သော အခြား တေးထပ် ငါးပုဒ်၊ ပတ်ပျိုး၊ မယ်ဘွဲ့၊ တြိချိုးများ စုစုပေါင်း ကိုးပုဒ်လည်း ထိုမဂ္ဂဇင်းတွင် ပါရှိ ဖော်ပြခဲ့ကြောင်း တွေ့ရသည်။ ထိုအချိန်အတွင်းမှာပင် 'သူရိယမဂ္ဂဇင်း'သို့လည်း စမ်းသပ် ပေးပို့ကြည့်ရာ တေးထပ် လေးပုဒ်၊ မိုးဘွဲ့ လေးဆစ် သုံးပုဒ် စုစုပေါင်း ခုနစ်ပုဒ်ကို ထို 'သူရိယမဂ္ဂဇင်း'တို့တွင် ဖော်ပြခံ ရသည်။

ရန်ကုန်မြို့မကျောင်း တက္ကသိုလ်ဝင်တန်း၌ ပညာသင်နေစဉ် ဆာဂျေအေ မောင်ကြီး (Sir J.A Maung Gyi) (ထိုအချိန်က တရားရေးဝန်ကြီး) ၏ သစ္စာဝါဒီ သတင်းစာတိုက်မှ ကြီးမှူးကျင်းပသော မြန်မာနိုင်ငံ ကဗျာ ဘာသာပြန်ပြိုင်ပွဲ ကျင်းပသည်နှင့် ကြုံခဲ့သည်။ Henry Wotton ၏ 'The Character of a Happy Life' ကဗျာကို မြန်မာပြန်ဆို ပြိုင်ကြရန် ဖြစ်ပါသည်။ ထိုပြိုင်ပွဲတွင် ဖေဖေက 'စိတ္တသုခ'ကဗျာ ဟူသော ခေါင်းစဉ်ဖြင့် ဘာသာပြန် စပ်ဆို၍ ပြိုင်ပွဲ ဝင်ခဲ့ရာ ပထမဆု ဆွတ်ခူးသဖြင့် ဆာဂျေအေမောင်ကြီး ချီးမြှင့်သော ရွှေဒင်္ဂါး ငါးပြားကို

mgyoe.com

mgyoe.com SAMPLE BOOK

ဆုအဖြစ် လက်ခံရရှိခဲ့သည်။ ထိုကဲ့သို့ စာပေဘက်တွင် ထူးချွန် ထက်မြက်လာသူ သားကို ဖခင်ကြီးအနေနှင့် တက္ကသိုလ်တက်ခွင့် မပြုလျှင် မဖြစ်နိုင်တော့သဖြင့် တက္ကသိုလ်ပညာ ဆက်လက် သင်ကြားရန် ခွင့်ပြုလိုက်ရသည်ဟု ထင်မြင်မိပါသည်။

သို့နှင့်ပင် ရန်ကုန်မြို့ အစိုးရ အထောက်ပံ့ခံ မြို့မ အမျိုးသား အထက်တန်းကျောင်းက တက္ကသိုလ်ဝင်တန်း ၁၁ ဆင့်ကို ဖြေဆို အောင်မြင်ခဲ့ပြီး ၁၉၂၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ခဲ့သည်။

ရန်ကုန်တက္ကသိုလ်တွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အရှေ့တိုင်းနိုင်ငံများသမိုင်း ဘာသာတွဲဖြင့် ဥပစာဝိဇ္ဇာတန်း အပိုင်း (က) ကို တက်ရသည်။ ထို ၁၉၂၅ ခုနှစ် တက္ကသိုလ် ရောက်သည်နှင့် 'ယူနီဘာစီတီကောလိပ်ကျောင်းဘွဲ့'ကို လေးချိုးအသွင် ရေးသားဖွဲ့ဆို၍ 'ယူနီဘာစီတီကောလိပ် မဂ္ဂဇင်း'သို့ ပေးပို့ခဲ့ရာ ထိုမဂ္ဂဇင်း၏ အတွဲ (၁၆) ပထမစာစောင်၊ ၁၉၂၅ ခုနှစ် စက်တင်ဘာထုတ်တွင် ဖော်ပြခြင်းခံရသည်။ တကောင်းကျောင်းဆောင်တွင် ပထမဦးစွာ နေခဲ့ရသည်မှ နောင် သိပ္ပံမောင်ဝဟု နာမည်ကျော်ကြားလာမည့် ကျောင်းသားကြီး ဦးစိန်တင်နှင့် စတင် ဆုံတွေ့ခဲ့သည်။ စာပေဝါသနာ စရိုက်ချင်း တူညီကြသည့် သူတို့နှစ်ဦးသည် ထိုစဉ်ကာလကပင်စ၍ ညီရင်းအစ်ကိုတမျှ ချစ်ခင်ရင်းနှီးလာကြသည်။ ထိုနှစ်အတွင်းတွင် 'တောရွာငယ်ဘွဲ့' လေးချိုးတစ်ပုဒ်လည်း စပ်ဆိုခဲ့ပြီး ယခင်က ဖေဖေ၏ ကဗျာများ ပါခဲ့ဖူးသော 'ယူနီဘာစီတီကောလိပ်မဂ္ဂဇင်း'တွင်ပင် ဖော်ပြခံခဲ့ရပါသည်။ ဥပစာဝိဇ္ဇာတန်း ဒုတိယနှစ်တွင် မြန်မာစာပေ၌ ထူးချွန် ထက်မြက်သည့်အတွက် ရန်ကုန်တက္ကသိုလ်က ချီးမြှင့်သည့် 'သာဒိုးအောင်'ဆုကို ဖေဖေ ဆွတ်ခူးနိုင်ခဲ့ပါသည်။

တက္ကသိုလ်၌ မြန်မာစာပေ၏ အနှစ်သာရကိုသာမက ကမ္ဘာ့စာပေ၏ အနှစ်သာရများကိုပါ မြည်းစမ်းခွင့် ရလာသော ဖေဖေသည် တက္ကသိုလ် ရောက်စ ၁၉၂၅ ခုနှစ်အတွင်းကပင် နာမည်ကျော် အိန္ဒိယစာဆိုကြီး 'တဂိုး'၏ နိုဘယ်ဆုရ ဂီတဥ္စလီကဗျာ၏ ၃၅ ပုဒ်မြောက် အပိုဒ်ကို မြန်မာဘာသာသို့ ပြန်ဆို၍ တင်ပြခဲ့ဖူးသည်ဟု ဖေဖေကိုယ်တိုင် သက်ရှိထင်ရှား ရှိစဉ် ၁၉၇၉ ခုနှစ် ရန်ကုန်မြို့ အိန္ဒိယသံရုံးတွင် ကျင်းပခဲ့သော 'အိန္ဒိယ ရက်သတ္တပတ်'အခမ်းအနားတွင် မိန့်ဆိုခဲ့ဖူးကြောင်းကို ဖတ်ရဖူးသည်။ [ဆရာထွန်းဝင်းငြိမ်း၊ 'ဇေဒါလမ်း၊ ရာမယဏာ၊ ပလေးတိုးနိဒါန်းနှင့် ဇော်ဂျီတမ်းချင်း'၊ ပိတောက်ပွင့်သစ်မဂ္ဂဇင်း၊ အမှတ် (၁၂)၊ ဧပြီလ၊ ၂၀၀၇၊ စာမျက်နှာ (၇၃)]


mgyoe.com

mgyoe.com
SAMPLE BOOK

ဝိဇ္ဇာတန်းပထမနှစ်တွင် ပဲခူးကျောင်းဆောင်မှ ထုတ်ဝေသော 'ဟံသာကြေးမုံ' လက်ရေးစာစောင်ကို ဖေဖေကိုယ်တိုင် အယ်ဒီတာလုပ်၍ ထုတ်ဝေရာ 'ပိတောက်ပန်း'ကဗျာကို 'ကျောင်းချစ်'အမည်နှင့် ရေးသားတင်ပြခဲ့ပါသည်။ ထို 'ပိတောက်ပန်း'ကဗျာသည် 'ယူနီဗာစီတီကောလိပ်မဂ္ဂဇင်း'တွင်လည်း 'ကျောင်းချစ်'အမည်နှင့်ပင် ပါလာသည့်အပြင် အင်္ဂလိပ်ဘာသာပြန်နှင့် တွဲ၍ ပါခဲ့ပါသေးသည်။ နောင်တစ်ချိန်တွင် 'ခေတ်စမ်းကဗျာ'၏ လမ်းကြောင်းကို အစပျိုးပေးခဲ့သည့်ကဗျာအဖြစ် နာမည်ကျော်ကြားလာခဲ့သည်။ ထိုကဗျာသည် 'ဂန္ထလောကမဂ္ဂဇင်း'တွင်လည်း ဖော်ပြခံရသေးသည်ဟု သိရသည်။

၁၉၂၈ ခုနှစ်၌ ဖွဲ့ဆိုခဲ့သည့် ဤ 'ပိတောက်ပန်း'ကဗျာသည် ယနေ့ထက်တိုင် မရိုးနိုင်သေးဘဲ စာပေလောကသားတို့အလယ်တွင် တင့်တယ်နေဆဲပင် ရှိနေသေးသည်ကို တွေ့နိုင်ပါသည်။ အသက် ၂၁ နှစ်မျှသာ ရှိသေးသောအရွယ်၌ပင် ဖေဖေ၏ ကရုဏာနှင့် စေတနာသည် လူသားအချင်းချင်းကို မဆိုထားနှင့် သက်ရှိမဟုတ်သည့် ပိတောက်ပန်းအပေါ်တွင်ပင် ထောက်ထား၍ ကရုဏာသက်တတ်နေကြောင်းကို ပြသခဲ့သည်။

ဤ 'ပိတောက်ပန်း'ကဗျာသည် ရှေးခေတ်စာဆိုများ၏ စကားဆန်းများနှင့် ဝေဆာစွာ ဖွဲ့နွဲ့တတ်ကြသော အရေးအသား အဖွဲ့အနွဲ့မျိုးကို သာမန် စာဖတ်နိုင်သူတို့ တော်ရုံနှင့် နားမလည် လိုက်မမီနိုင်ကြသည့်အဖြစ်မှ သွေဖည်သော အရေးအသားအဖွဲ့မျိုးကို တီထွင် ရေးဖွဲ့လိုက်သည့်သဘောပင် ဖြစ်ပါသည်။ ထိုခေတ်၏ ရေးဖွဲ့မှု အကြောင်းအရာများ ဖြစ်ကြသော ရာသီဘွဲ့၊ တောဘွဲ့၊ တောင်ဘွဲ့၊ အချစ်အလွမ်းနှင့် ဘုန်းတော်ဘွဲ့ အစရှိသည်တို့ကို လျစ်လျူရှု၍ နေ့စဉ် လူသာမန်တို့တွင် တွေ့မြင်နေနိုင်သော အကြောင်းအရာများကို ရိုးစင်းသော၊ နားလည်လွယ်သော စကားလုံးများဖြင့် ရေးဖွဲ့သည့် ကဗျာများကို ဖေဖေဆက်လက်၍ စပ်ဆိုခဲ့ရာ သူနှင့်ခေတ်ပြိုင် တက္ကသိုလ်၌ ရှိကြသော ကျောင်းသားများက လက်ခံကြသည်ကို တွေ့ရသည်။

၁၉၂၈ ခုနှစ်အတွင်း 'ယူနီဗာစီတီမဂ္ဂဇင်း'တွင် 'မောင်ပန်ဦး'အမည်ရှိ ကဗျာတစ်ပုဒ်လည်း ပါခဲ့သည်။ တက္ကသိုလ်သို့ ရောက်ပြီးမှ ဖွဲ့ဆိုခဲ့သည့် 'ယူနီဗာစီတီကောလိပ်ကျောင်းဘွဲ့'ကစ၍ 'မောင်ပန်ဦး'အထိ 'ကျောင်းချစ်'အမည်ဖြင့် ဆက်တိုက် ရေးသားခဲ့သည်ကို လေ့လာတွေ့ရှိရသည်။ ထိုကဲ့သို့ အရေးအဖွဲ့ကဗျာများ စပ်ဆိုရေးဖွဲ့ရင်းနှင့်ပင် ၁၉၂၉ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ကို အောင်မြင်စွာ ဆွတ်ခူးနိုင်ခဲ့သည်။


mgyoe.com

mgyoe.com
SAMPLE BOOK

# အခန်း (၂)

# ဘွဲ့ရပြီး လူရွယ်ဘဝ

mgyoe.com

mgyoe.com SAMPLE BOOK

ဖေဖေ မဟာဝိဇ္ဇာဘွဲ့ အောင်မြင်စွာ ဆွတ်ခူးနိုင်ခဲ့သည့် ၁၉၃၆ ခုနှစ်ဦးတွင် ကျွန်မတို့မေမေ ဖြစ်လာမည့် ဒေါ်စောရင်သည်လည်း ဘီအီးဒီ (ပညာရေးဘွဲ့လွန် ဒီပလိုမာ) ကို ရရှိခဲ့သည့်အတွက် မြို့မ အမျိုးသမီး အထက်တန်းကျောင်းတွင် အထက်တန်းပြဆရာမတာဝန် ပြန်လည် ထမ်းဆောင်နေပြီ ဖြစ်သည်။ ဖေဖေက လက်ထပ်လိုခဲ့ပါသော်လည်း တစ်မြို့စီ ဝေးကွာနေ၍ တစ်ကြောင်း၊ ဖေဖေ့မိခင်ကြီးနှင့် မောင်နှမများတာဝန်ကို တနင့်တပိုး ထမ်းဆောင်နေရဆဲဖြစ်၍ ကိုယ်ပိုင်အနေနှင့် (မေမေ စုနိုင်းသည့်) တစ်လတွင် ရသည့် လခထဲမှ ရူပီး ၅၀ မျှလောက်ပင် မစုနိုင်သေး၍ တစ်ပုံတို့ကြောင့် မေမေက သဘောမတူ လက်မခံသေးဟု သိခဲ့ရသည်။

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၂)
# ဘွဲ့ရပြီး လူရွယ်ဘဝ

### ဘွဲ့ရပြီးစ ကာလ

ဖေဖေတို့ခေတ်က ' ဘီအေ' ခေါ် ဝိဇ္ဇာဘွဲ့ ရသည်မှာ ယခုခေတ်ကဲ့သို့ ဖောခြင်း သောခြင်း မဟုတ်လှသေး၍ ဝမ်းမြောက်ဂုဏ်ယူဖွယ်ကောင်းသော်လည်း ထိုနှစ်တွင် သူ၏ ဖခင်ကြီး ဦးယော ကွယ်လွန်သွားသဖြင့် မိသားစုတစ်စုလုံး၏ တာဝန်သည် သားအကြီးဆုံး ဖြစ်သူ ဖေဖေ့အပေါ်သို့ အလိုလို ကျရောက်ခဲ့ရသည်ဟု ဆိုနိုင်ပါသည်။

ဖခင်ကြီး ကွယ်လွန်သည့်အချိန်တွင် ဖေဖေ၏ နှမအငယ်ဆုံး ဒေါ်ထားရီမှာ ငါးနှစ်သမီးအရွယ်လောက်သာ ရှိသေးသည်ဟု သိရသည်။ ဖေဖေ၏ ဒုတိယညီ (ဦးချစ်မောင်) မှာ ဖေဖေ မလိုက်ခဲ့သည့် လမ်းစဉ်ကို လိုက်၍ ဆယ်တန်းအောင်သည်နှင့် မြို့အုပ်သင်တန်း တက်ကာ အောင်မြင်ခဲ့ပြီး မြို့အုပ်ပေါက်စ ဖြစ်နေပေပြီ။ သို့ရာတွင် မြို့အုပ် ဖြစ်ပြီး ခြောက်လအကြာတွင် ကြင်ရာ ရပြီး မိသားစု ဘဝတစ်ခုကို တည်ထောင်နေပြီ ဖြစ်ရာ မိခင်ကြီးနှင့် မောင်နှမတို့ကို ထောက်ပံ့ရန် အဓိက တာဝန်ယူရသူမှာ ဖေဖေသာ ဖြစ်နေရတော့သည်။

ဝိဇ္ဇာတန်း အောင်ပြီး မြန်မာစာဌာန၌ နည်းပြဆရာအနေနှင့် တာဝန်ထမ်းဆောင်နေစဉ် ကျောင်းသားများအဆောင်၌လည်း အဆောင်မှူးကို ကူညီ၍ ကျောင်းသားများကို ကြီးကြပ်ပေးရသော အဆောင်ကြီးကြပ်ရေးမှူး (Hall Tutor) အဖြစ် တာဝန်ယူရသည်။ ထို့ကြောင့် စရိတ်ငြိမ်း နေရ၊ စားရသဖြင့် ထိုခေတ်က ရရှိသော နည်းပြဆရာ၏လစာ အိန္ဒိယရူပီး ၂၂၀ မှ ရူပီး ၂၀ ကို ဖေဖေက



mgyoe.com

mgyoe.com
SAMPLE BOOK

သုံးရန်အတွက် ယူ၍ ကျန်ရှုပီး ၂၀၀ ကို မိခင်ကြီးထံ ပြန်ပို့ပေးခဲ့သည်ဟု သိရသည်။ ရှုပီး ၂၀ မှာ ဖေဖေ့ဆေးလိပ်ဖိုး၊ လက်ဖက်ရည်ဖိုး၊ လမ်းစရိတ်ကားခ တို့အတွက်သာ ဖြစ်၍ ကောင်းကောင်း လောက်ငသည်ဟု ဆိုသည်။ သို့နှင့်ပင် ဖေဖေသည် အသက် ၂၀ ကျော်ကျော် အရွယ်ကစ၍ မိခင်ကြီးနှင့် မောင်နှမများ၏တာဝန်ကို ယူခဲ့ရသည်။

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန၌ နည်းပြဆရာ လုပ်နေသည့် ၁၉၂၉-၁၉၃၀ တွင် နောင်အခါ 'မင်းသုဝဏ်'ဟု ကျော်ကြားလာမည့် ဦးလေးဝန် (ဦးဝန်) လည်း တက္ကသိုလ် တက်ခဲ့ရာ ဖေဖေနှင့် ဆရာတပည့်အဖြစ် ဆုံကြရပါလေသည်။ ဆရာတပည့်ဟုသာ ဆိုရသော်လည်း ဝါသနာတူ ညီငယ်တစ်ဦးကို ရလိုက်သကဲ့သို့ ဖေဖေက မှတ်ယူ၍ ချစ်ခင်ခဲ့သည်။ နောင်တွင်လည်း 'ဇော်ဂျီ' နှင့် 'မင်းသုဝဏ်'တို့သည် 'ရာမ'နှင့် 'လက္ခဏ'တို့ကဲ့သို့ စာပေညီနောင်အဖြစ် ဆက်လက်၍ စာပေတာဝန်တို့ကို ထမ်းဆောင်ခဲ့သည်မှာ ဖေဖေ၏ အသက်ထက်ဆုံးတိုင်အောင်ပင် ဖြစ်သည်ဟု ဆိုရပါမည်။

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန၌ နည်းပြဆရာ လုပ်ရင်းနှင့် ၁၉၃၀ ပြည့်နှစ် ဖေဖော်ဝါရီလထုတ် ယူနီဘာစီတီကောလိပ်မဂ္ဂဇင်းတွင် 'ခေါင်းပေါင်းစသို့' ဟူသော ကဗျာတစ်ပုဒ်ကို ရေးသားခဲ့သလို 'ပျို့လှတမယ်' ဆိုသော မေတ္တာဘွဲ့ လေးချိုးတစ်ပုဒ်ကိုလည်း စက်တင်ဘာလထုတ် တက္ကသိုလ်ကျောင်းတိုက်မဂ္ဂဇင်းတွင် ဖော်ပြခံရသည်။ ထိုကဗျာများကို နာမည်ရင်းနှင့်ပင် ရေးခဲ့သည်ကို တွေ့ရသည်။ ထိုနှစ် အောက်တိုဘာလ ၂၃ ရက်နေ့ထုတ် သူရိယသတင်းစာတွင် 'ခေတ္တဖျာပုံဇ' ကလောင်အမည်ဖြင့် 'ယိုးဒယား ရာမ မဟာသဘင်တော်' ဟူ၍ 'ရာမ'ဇာတ်အကြောင်း ရေးသားခဲ့သည်ကို တွေ့ရပြန်ပါသည်။ (ဖိုးအောင်လေး၊ ဇော်ဂျီရာပြည့်မဂ္ဂဇင်း၊ စာ-၁၉၆)

## မြို့မအမျိုးသားကျောင်း၌ အထက်တန်းပြဆရာ လုပ်စဉ်ကာလ

၁၉၃၁ ခုနှစ်ဦးပိုင်းတွင် တက္ကသိုလ်မှ ထွက်၍ ဖေဖေ တက္ကသိုလ်ဝင်တန်းကျောင်းသားအဖြစ် နေခဲ့ဖူးသော မြို့မ အမျိုးသား အထက်တန်းကျောင်းသို့ အထက်တန်းပြဆရာအဖြစ် တာဝန်ထမ်းဆောင်ရန် ပြန်ရောက်လာခဲ့သည်။ ထိုကျောင်းတွင် ဖေဖေ၏ သူငယ်ချင်း အပေါင်းအသင်းဟောင်းများ ဖြစ်ကြသော ဦးအေးမောင်၊ ဦးတင့်ဆွေ (နောင် သီရိလက်ာနိုင်ငံ သံအမတ် ဖြစ်ခဲ့သူ)၊


mgyoe.com

mgyoe.com
SAMPLE BOOK
ဦးစံထွား (စာပေဗိမာန်) စသည်တို့နှင့် ပြန်၍ အဖွဲ့ကျကာ အထက်တန်းပြဆရာ လုပ်ရင်း တစ်ဖက်ကလည်း စာပေတာဝန်များကို ဆက်လက် ထမ်းဆောင်ကာ ပျော်နေခဲ့သည်ဟု ကြားသိခဲ့ရသည်။

ထိုကာလအတွင်းမှာပင် (ဖေဖေ၏ ဖူးစာဖက် ကျွန်မတို့မေမေ ဒေါ်စောရင် နှင့် မတွေ့မီ) ထိုခေတ်ကာလ၏ ထုံးစံအတိုင်း ဝိဇ္ဇာဘွဲ့ ရသည်နှင့် သမီးရှင်များ က ဖေဖေ၏ မိခင်ကြီးထံ ချဉ်းကပ်၍ ဖေဖေနှင့် လက်ဆက်ပေးလိုကြောင်းများ ကမ်းလှမ်းခဲ့သည်။ သို့ရာတွင် ဖေဖေကလည်း ခိုင်ခိုင်မာမာပင်-

"မေမေ၊ ကျွန်တော့်အိမ်ထောင်ရေးကိစ္စကိုတော့ ကျွန်တော်ကိုယ်တိုင်ပဲ ဆုံး ဖြတ်ပါရစေ၊ ဒီတစ်ခုကိုတော့ လိုက်လျောပေးပါ"ဟု တောင်းဆိုထားသဖြင့် ဖေဖေ၏ မိခင်ကြီးမှာ လာစပ်ကြသော လယ်ပိုင်ရှင်၊ စက်ပိုင်ရှင် သူဌေးသမီးများ ကို လက်မခံရဲဘဲ ရှိနေသည်။

ဖေဖေ ပြန်လည် ရောက်ရှိလာသည့် မြို့မ အမျိုးသားအထက်တန်းကျောင်း နှင့် မြို့မအမျိုးသမီးအထက်တန်းကျောင်းတို့သည် ထိုစဉ်အချိန်ကတည်းက မောင် နှမကျောင်းများ ဖြစ်သည်။ ရန်ပုံငွေရှာပွဲများတွင် ပူးပေါင်းဆောင်ရွက်ကြရသည် ဟု ဆိုသည်။ ထို့ကြောင့် မြို့မ အမျိုးသမီး အထက်တန်းကျောင်း၏ ဘော်ဒါဆောင် အုပ်ချုပ်နေသူ၊ ဖေဖေ၏ဖခင်ဘက်မှ အဒေါ်ဝမ်းကွဲတော်သူ ဒေါ်လှကွန့် (ယခင် အထက်တန်းပြ၊ သင်္ချာကျောင်းသုံးစာအုပ် ရေးသားခဲ့သူ) နှင့်ပတ်သက်၍ ကျွန်မ တို့၏မေမေ့ ဖြစ်လာမည့် ဒေါ်စောရင်နှင့် ဖေဖေ ဖူးစာဆုံခဲ့ကြသည်။

မေမေ ဒေါ်စောရင် ကိုယ်တိုင်မှာလည်း မြို့မ အမျိုးသမီး အထက်တန်း ကျောင်းမှ တက္ကသိုလ်ဝင်တန်း အောင်မြင်၍ တက္ကသိုလ် တက်ခဲ့သူ ဖြစ်သည်။ ၁၉၃၀ ပြည့်နှစ်တွင် ဝိဇ္ဇာဘွဲ့ ရခဲ့ပြီး မန္တလေးမြို့၌ အမျိုးသမီး အလယ်တန်း ကျောင်းအုပ်အဖြစ် အလုပ်လုပ်နေရာမှ ခြောက်လအကြာ မြို့မ အမျိုးသမီး အထက်တန်းကျောင်းတွင် အထက်တန်းပြ ဆရာမနေရာ လစ်လပ်လာသဖြင့် ပြန်လည် ရောက်ရှိလာခြင်း ဖြစ်သည်။

ထိုအချိန်က မေမေနှင့် ယခင် မြို့မတွင် အထက်တန်း အတူတူ တက်ခဲ့ဖူး သည့် ညီအစ်မအရင်းများသဖွယ် ခင်မင်နေကြသော ဆရာမ ဒေါ်ချစ် (မြန်မာ စာအဖွဲ့ ဥက္ကဋ္ဌဟောင်း ဦးစံလွင်၏ မိခင်)၊ စစ်ပြီးခေတ် မြို့မ အထက်တန်း ကျောင်းအုပ်ကြီး ဖြစ်ခဲ့သူ ဒေါ်တင်တင်စိန်နှင့် ညီမ ဒေါ်ခင်ခင်ညွန့်၊ ဒေါ်လှရီ (အဆုတ်ရောဂါ အထူးကု ဆရာဝန်ကြီး ဦးသန်းအောင်၏အစ်မ) တို့ မြို့မ

mgyoe.com

mgyoe.com SAMPLE BOOK

အမျိုးသမီး အထက်တန်းကျောင်းတွင် ဆရာမ လုပ်နေကြပြီ ဖြစ်သည်။ အမျိုးသမီး ကျောင်းသူများ ဘော်ဒါဆောင်ကို အုပ်ချုပ်ရသူ ဒေါ်လှကွန့်ကို အထက်ဖော်ပြပါ ဆရာမများ (ရန်ကုန်တွင် မိသားစုများနှင့် နေထိုင်သူများ) က တစ်ယောက် တစ်လှည့်စီ အဆောင်တွင် ညအိပ်ရင်း ကူညီပေးနေရချိန် ဖြစ်သည်။

မေမေ ရန်ကုန် မြို့မ အမျိုးသမီး အထက်တန်းကျောင်းသို့ ပြန်ရောက်လာသောအခါ ထိုတစ်လှည့်စီ တာဝန်ယူနေရသည့်ဒုက္ခမှ ကင်းလွတ်သွားရသည်။ မေမေ၏ ဇာတိမှာ မြိတ်မြို့ ဖြစ်သဖြင့် ဘော်ဒါဆောင်တွင် မအူပင်မြို့မှ လာသူ ဒေါ်လှကွန့်နှင့်အတူ နေထိုင်ရင်း ဝိုင်းကူစီမံ အုပ်ချုပ်ပေးနိုင်၍ ပိုအဆင်ပြေသွားခဲ့သည်။ မြို့မ အထက်တန်းကျောင်းမှ အောင်ခဲ့သူ ကျောင်းသားကျောင်းသူ ဟောင်းများသည် သူတို့ နေခဲ့ဖူးသော အထက်တန်းကျောင်းကို ထိုအချိန်က အတော် သံယောဇဉ် ကြီးပုံ ရကြသည်ကို ကျွန်မတို့၏ မိဘနှစ်ပါးနှင့် သူတို့ မိတ်ဆွေ အပေါင်းအသင်းများ၏ ရင်းနှီးဆက်သွယ်ပုံများကို ကြည့်ခြင်းအားဖြင့် သိနိုင်ပါသည်။

ထိုသို့ မြို့မကျောင်းတွင် အထက်တန်းပြဆရာ၊ ဆရာမများအဖြစ် တာဝန်ထမ်းဆောင်နေကြစဉ် ဖေဖေ၏ ရိုးသားမှုကို ကျွန်မတို့အခေါ် ဘွားလေးကွန့် (ဒေါ်လှကွန့်) မှတစ်ဆင့် မေမေ သိခဲ့ရသကဲ့သို့ မေမေ၏ အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်နှင့် ထက်ထက်မြက်မြက်ရှိပုံကိုလည်း ဖေဖေ အကဲခတ်မိဟန် တူသည်။ ထိုသို့နှင့် နှစ်ဦးသား ရင်းနှီးလာအောင် ဖေဖေ အချိန် တစ်နှစ်နီးပါးခန့် ကြိုးပမ်းခဲ့ရပုံ ရှိပါသည်။

(ဤအကြောင်းကို ဖေဖေနှင့် မေမေတို့က မပြောပြခဲ့ကြသော်လည်း ထိုအချိန်က ဖေဖေနှင့်အတူ အဖော်လိုက်သွားပေးရသူ နောင် ကျွန်မခင်ပွန်းသည်၏ဘကြီးအရင်း မြို့မ ကျောင်းဆရာ ဦးအေးမောင်၏ ပြောကြားချက်အရ သိခဲ့ရသည်။)

"မမျိုးရေ ... ညည်းအမေက တို့တစ်တွေ သွားတွေ့ရင် တော်တော်နဲ့ ထွက်မလာဘူး၊ တစ်ခါတလေ တစ်နာရီလောက် ထိုင်စောင့်နေရတာ၊ ကိုသိန်းဟန်ကို အားနာလို့သာ လိုက်သွားပေးရတာ၊ ဒါကြောင့် ဘကြီးက နောက်ပိုင်းတော့ အဖော် မလိုက်ဖြစ်တော့ဘူး"



mgyoe.com

mgyoe.com
SAMPLE BOOK

ကြည့်ရသည်မှာ လာသည်ဟု အကြောင်းကြား၍ ချက်ချင်း ထွက်တွေ့လျှင် မေမေက သူ့ကို တစ်မျိုးထင် (အထင်သေး) သွားမည်ကို စိုးရွံ့၍လည်း ဖြစ်နိုင်ပါသည်။ မေမေကိုယ်တိုင် တစ်ခါက ပြောပြဖူးသည်မှာ တစ်ခါတစ်ရံ မေမေက သူ့သူငယ်ချင်းများနှင့် ဈေးသွားရန် ချိန်းပြီးသား ဖြစ်နေသည့်အချိန် ဖေဖေ ရောက်လာလျှင် "ဈေးသွားဖို့ ရှိလို့ ပြန်လိုက်ပါတော့" ဟု ပြောကာ ပြန်လွှတ်ခဲ့ဖူးသည်လည်း ရှိသည်။

ထိုသို့သောအခါမျိုးတွင် ဖေဖေက နောက်တစ်နေ့တွင် စာရွက် တစ်ရွက်ပေါ်၌ ချိန်ခွင်ပုံတစ်ပုံ ဆွဲ၍ ဈေးသွားလိုသည့်ဘက်က အလေးသာလျက် ဖေဖေနှင့် တွေ့လိုသည့်ဘက်က ပေါ့လျက် အပေါ်တက်နေသည့် အရုပ်မျိုး ဆွဲ၍ မေမေ့ဆီ ပို့ခဲ့သည်ဟု ဆိုသည်။ အချို့သူများကဲ့သို့ စိတ်မဆိုးပြဘဲ ဖေဖေ့စိတ်ကို 'ဟာသ'နှော၍ ပြလိုက်သည့် သဘောမျိုးလောက်သာ ပြခဲ့ခြင်း ဖြစ်ပါသည်။

မေမေ့မှာလည်း ထိုသို့ အကဲစမ်းရင်းနှင့် မြိတ်မှ သူ၏ ဖခင်ထံ စာရေး၍ တိုင်ပင်ခဲ့သည်။ မေမေ့ဖခင်က "သမီးက အဖေ့ထက် ပညာ ပိုတတ်တဲ့သူပဲ၊ သမီးစိတ်ထဲမှာ သင့်တော်တယ် ထင်ရင် လက်ခံလိုက်ပါ၊ ဖေဖေတို့က သဘောတူပါတယ်"ဟု ခွင့်ပြုချက် ရခဲ့ပြီးမှသာ ဖေဖေ့ကို လက်ခံခဲ့သည်ဟု မေမေက ပြောပြခဲ့သည်။

ဤကဲ့သို့ အကဲစမ်းခံနေရသည့်ကာလက ဖေဖေ၏ ခံစားချက်များကို ဖေဖေသည် ၁၉၃၃ ခုနှစ်က ရေးသားခဲ့သော ပင်ကိုရေးဝတ္ထုတို 'ကြင်မည့်သူ'မှ ဇာတ်လိုက် မောင်ဘမြိုင်၏ တစ်ကိုယ်တည်း ခံစားချက်အသွင် သရုပ်ဖော် ရေးသားခဲ့ခြင်းများ ဖြစ်လေမလားဟု ကျွန်မ ထိုဝတ္ထုတိုကို ဖတ်မိစဉ်က စဉ်းစား ထင်မြင်မိသည်။ ဖွင့်ဟ မမေးရဲ၍သာ မမေးခဲ့မိပါ။

ဖေဖေသည် ချစ်သူ ရလာပြီ ဆိုသော်လည်း အချစ်ရေးကို ဦးစားပေး၍ ဥဒါန်းကျူးနေခဲ့သူ မဟုတ်ပါ။ အချစ်ရေးထက် သူ့ပတ်ဝန်းကျင်၌ တွေ့နေရသော နှစ်သက်ဖွယ်၊ မြတ်နိုးဖွယ် အလှကွက်ကလေးများကိုသာ ဦးစားပေး၍ ထုတ်ဖော်စပ်ဆိုမြဲ စပ်ဆိုနေခဲ့သည်ကို တွေ့ရသည်။

၁၉၃၁ ခုနှစ် စက်တင်ဘာလထုတ် တက္ကသိုလ်ကျောင်းတိုက် မဂ္ဂဇင်းတွင် 'လှိုင်းကလေး သင်' ပါရှိခဲ့ပြီး ထိုနှစ် ဒီဇင်ဘာလတွင်မူ ဂန္ထလောကမဂ္ဂဇင်း အတွဲ (၁၄) အုပ် (၈၃) ၌ 'ကြောင်မ နက်ပြာ'နှင့် ' စံပယ်ဖြူ'တို့ ပါခဲ့သည်။ 'လှိုင်းကလေး သင်' ကဗျာတွင် ဒုက္ခရောက်နေသော စင်ရော်ငှက်ကို သယ်ဆောင်


mgyoe.com

mgyoe.com
SAMPLE BOOK

လာနိုင်သည့် ပရဟိတဂုဏ်ကို ဖော်ကျူး ရေးဖွဲ့ထားသည်ကို တွေ့မြင်ရ၍ 'ကြောင်မ နက်ပြာ'ကဗျာတွင်မူ အသွင်အပြင် လက္ခဏာအနေနှင့် ကြည့်ကောင်း လှပသကဲ့သို့ ရှိသော်လည်း ကြွက်ကို ချောင်းနေသည့် အတွင်းမနော မလှသည့် သဘောကို ဖော်ပြ ဖွဲ့ဆိုထားသည်ကို တွေ့ရပြန်သည်။

ထိုသို့ဖြင့် ဖေဖေ၏ ကဗျာများသည် ကာရန်နှင့် လှပသည်သာမက အဓိပ္ပာယ်လည်း ရှိလှသည်ကို သဘောပေါက်မိသည်။ ထို ၁၉၃၁-၁၉၃၂ ခုနှစ် အချိန်တွင် ဖေဖေသည် အသက်အားဖြင့် ၂၄-၂၅ နှစ်မျှသာ ရှိနေသေးသော်လည်း ပတ်ဝန်းကျင်ကို ဂရုတစိုက် လေ့လာတတ်သည့် အမူအကျင့်များ ရှိနေပြီကို သိရသကဲ့သို့ လေးနက်သည့် အတွေးများလည်း ရှိနေသည်ကို တွေ့နေရပါပြီ။

တိုက်တိုက်ဆိုင်ဆိုင် ထို ၁၉၃၁ ခုနှစ် တက္ကသိုလ်ကျောင်းတိုက်မဂ္ဂဇင်းတွင် ပါသော 'လှိုင်းကလေး သင်' ကဗျာကစ၍ 'ဇော်ဂျီ' ကလောင်အမည်ကို စတင် အသုံးပြုခဲ့သည်ကိုလည်း တွေ့ရှိခဲ့ရသည်။ ထို့မတိုင်မီက နာမည်ရင်း 'မောင် သိန်းဟန်'ဖြင့် စာများ၊ ကဗျာများ ရေးခဲ့ပြီး 'သ'၊ 'မောင်ပန်းမြိုင်'၊ 'ကျောင်းချစ်'၊ 'ခေတ္တဖျာပုံ၊' စသည့် ကလောင်အမည်များကိုလည်း အသုံးပြုခဲ့ကြောင်းကို ရှာဖွေ တွေ့ရှိခဲ့ရပါသည်။ 'ဇော်ဂျီ'ကလောင်အမည်ကို ဖေဖေ ငယ်စဉ်ကစ၍ သဘောကျခဲ့သော ဇော်ဂျီရုပ်ကို သဘောကျကာ ခံယူခဲ့သည်ဟု သိခဲ့ရပါသည်။

မြို့မကျောင်း၌ အထက်တန်းပြဆရာ လုပ်နေရင်းနှင့် နောင် 'ခေတ်စမ်း ကဗျာ'များဟု ကျော်ကြားလာမည့် ကဗျာများကို ဆက်တိုက်လိုလို စပ်ဆို၍ ဂန္ထလောကမဂ္ဂဇင်း၊ တက္ကသိုလ်ကျောင်းတိုက်မဂ္ဂဇင်း စသည်တို့ထံ ပေးပို့၍ ထည့်သွင်းဖော်ပြခြင်းခံနေရသည်ကို တွေ့ကြရပါသည်။ ၁၉၃၂ ခုနှစ်အတွင်း စုစုပေါင်း ကဗျာ ၁၈ ပုဒ်မျှ စပ်ခဲ့ကြောင်း လက်လှမ်းမီသလောက် ရှာဖွေတွေ့ရှိ ရပြီး ၁၉၃၃ ခုနှစ်အတွင်း၌လည်း ကဗျာပေါင်း ၁၁ ပုဒ်ခန့် စပ်ဆိုခဲ့သည်ကို လေ့လာတွေ့ရှိခဲ့ရပါသည်။

ထိုအချိန်ကာလ (၁၉၃၂-၁၉၃၃) အတွင်း စပ်ဆိုခဲ့သည့် ကဗျာ အတော် များများတွင် 'အားမာန်' ဆိုသည့် စကားလုံး အသုံးအနှုန်းသည် မကြာခဏ ပါနေသည်ကိုလည်း တွေ့ရသည်။ ထို့ကြောင့် ဆရာ မင်းယုဝေက 'မြန်မာစာ မိတ်ဖွဲ့' စာအုပ် (စံပယ်ဦး၊ ၁၉၈၀) တွင် 'ဇော်ဂျီနှင့် အားမာန်' ဟူသော စာတမ်းတစ်စောင် ရေးသားထားသည်ကို ဖတ်ခဲ့ရပါသည်။ ထိုစာတမ်း (စာ-၃၆၇) တွင်-


mgyoe.com

mgyoe.com
SAMPLE BOOK

*ဇော်ဂျီ၏ ကဗျာတို့၌ ပါဝင်သည့် 'အား' ဟူသော စကား၊ 'မာန်' ဟူသော စကားတို့၏ သဘောသည် ယေဘုယျအားဖြင့် ဉာဏ်စွမ်း၊ လုံ့လစွမ်းတည်း ဟူသော စွမ်းရည်ကိုပင် ဆိုလိုဟန် ရှိ၏ဟု ထင်မြင်မိပါသည်။ သို့ရာတွင် အရာဌာနကိုလိုက်၍ ယေဘုယျအဓိပ္ပာယ်တွင် အရိပ်အယောင် ကွဲသည်လည်း ရှိပါလေသည်။ 'မိုးဆွေငှက်၏ အသံထက်မြက်ပုံနှင့် တောင်ပံ ထက်မြက်ပုံတို့ကို ရွေးထုတ် ချီးကျူးခြင်းမှာ' လူတိုင်း လူတိုင်းတွင် သူ့စွမ်းရည်နှင့်သူ ရှိတတ်ဟန်၊ ထို့ကြောင့် လေးစားဟန် အယူအဆမျိုးသည် ဇော်ဂျီ၏ စိတ်ဓာတ်ခံ၌ ရှိပြီး ဖြစ်ကြောင်း ထင်မိပါသည်။ ထို့ကြောင့်သာ ဇော်ဂျီသည် ဤသဘော ဤအယူအဆတို့ကို ရွေး၍ မိုးဆွေငှက်နှင့် တင်စားကာ ချီးကျူးခြင်း ဖြစ်သည်ဟု ဆိုနိုင်ပါသည်။*

ဟု ဆိုခဲ့ပါသည်။ (စာ ၃၇၁)

မှန်ပါသည်။ ထိုအချိန်က ဖွဲ့ခဲ့သော ကဗျာများအတွင်းမှ 'သီချင်းသည်' ကဗျာတွင် 'အာဂ ပုရစ်'ဟု သုံးနှုန်းခေါ်ဝေါ်လိုက်ခြင်းဖြင့် ထိုပုရစ်၏ အားမာန်ရှိနေမှုကို ပြသလိုက်သကဲ့သို့ 'လိုက်ကြမယ်လား' ကဗျာတွင် 'အားမာန်' ထုတ်၍ လုပ်ကိုင်ဆောင်ရွက်ကြရန် နှိုးဆော်ထားသည်ကိုလည်း တွေ့ရပြန်သည်။ ထိုနည်းတူ 'ပြည်မြို့ အလောင်းတော်ကဿပစခန်း'၊ 'ဤကြာကန်'၊ 'နန္ဒမူလိုဏ်'၊ 'တိမ်လွှာ'၊ 'ငှက်ငယ်ပမာ'ကဗျာတို့တွင်လည်း 'အားမာန်' ဆိုသည့်စကားလုံးနှင့် စပ်လျဉ်း၍ လုံ့လစွမ်း၊ ဉာဏ်စွမ်းအဖြစ်ယူကာ ဖွဲ့ဆိုခြင်း ဖြစ်သည့်အပြင် အားတင်းထားသော စိတ်ဓာတ်၊ စိတ်စွမ်းအားအဖြစ်လည်း အဓိပ္ပာယ်ပေါက်စေသည့် သဘောများ ပါကြသည်ကို တွေ့နေရသည်။

မြို့မ အထက်တန်းကျောင်းသို့ ပြန်ရောက်ပြီးသည်နှင့် ဖေဖေ၌ နိုင်ငံ၏ အမျိုးသားရေးအပေါ် ပို၍ အတွေးရောက်သည့် စိတ်ကူးတို့ ပေါ်လာပုံလည်း ပေါက်ပါသည်။ ထို့ကြောင့်-

*'ဝင့်မကင်းသူကိုဖြင့်*
*လွှတ်ခြင်းမှာ ဝါသနာပါတဲ့*
*ရွှေမြန်မာ သည်လူမျိုးမှာလ*
*အကျိုး သည်လိုတူလိုက်ပါ*
*ရွှေမဥ္ဇူ နှုတ်ချိုခွန်းရယ်နဲ့ သွန်းလိုက်မိပါ'*


mgyoe.com

mgyoe.com
SAMPLE BOOK

ဟူသော စာသားတို့သည် မြန်မာလူမျိုးတို့၏ ရိုးရာစလေ့၊ ယဉ်ကျေးမှုတစ်ခု ဖြစ်သော သင်္ကြန်ကာလ ဘေးမဲ့လွတ်တတ်သည့် စရိုက်ကို သရုပ်ဖော်၍ အားကျ သည့်ဟန်ကို စပ်ဆိုလိုက်ရင်း နယ်ချဲ့၏လက်အောက်သို့ ကျရောက်နေရသော မြန်မာလူမျိုးတို့သည်လည်း 'တူသော အကျိုးပေး'ကို ရ၍ လွတ်မြောက်နိုင်ပါစေ ကြောင်းကို ရည်ညွှန်းဖွဲ့ဆိုလိုက်သည့် 'တစ်ခုသော သင်္ကြန်ခါ' (၁၉၃၃ ခုနှစ် မတ်လ ဂန္ထလောကမဂ္ဂဇင်း) ပါ ကဗျာ ပေါ်ပေါက်လာရတော့သည်ဟု ထင်ရ ပါသည်။

ထိုနည်းအတူ ထိုနှစ် စက်တင်ဘာလ၊ ဂန္ထလောကမဂ္ဂဇင်းတွင် ပါလာသော 'ငှက်ငယ်ပမာ'ကဗျာတွင်လည်း-

*'ဝန်းကျင် ဘယ်ညာ*
*ရှုမိရာဝယ်*
*ငါလည်းလူထု၊ သူငါစုက*
*တစ်ခုလူသား၊ ပေတကားဟု*
*ကိုယ့်အားကိုယ်ပင်၊ ကိုယ်ပြန်မြင်၍*
*ရွှင်ခဲ့ဝါဝင်း၊ လင်းခဲ့ထိန်ထိန်*
*'ဥ'အအိမ်မှ၊ ချိန်တန်ခါရောက်*
*နှုတ်ဖြင့်ပေါက်၍၊ ပင့်မြှောက်လည်ညှာ*
*ဖောက်ထွက်လာသည်၊ ပမာငှက်ငယ်သို့သာတည်း။'*

ဟူသည့်အဖွဲ့တွင် သူတစ်ပါးနိုင်ငံကို အားကိုးလိုစိတ်၊ အားကျစိတ် ပျောက်၍ ကိုယ့်နိုင်ငံ၊ ကိုယ့်ခွန်အားကို မြတ်နိုး၍ အားထုတ်လိုစိတ်များ ဖြစ်ပေါ်လာစေရန် လှုံ့ဆော်လိုက်သည့် 'လူထုလှုံ့ဆော်သည့်ကဗျာ'အဖြစ် တွေ့ရပါသည်။

ထို ၁၉၃၂-၁၉၃၃ ခုနှစ်အတွင်း မြို့မ အထက်တန်းကျောင်းတွင် အထက် တန်းပြဆရာ လုပ်နေစဉ်ကာလ ကျောင်းရန်ပုံငွေကပွဲအတွက် 'ရွှေမောင်းသံ' ပြဇာတ်ကို ရေးသား ကပြစေခဲ့သည်။ အလောင်းမင်းတရားလက်ထက်ကာလကို အခြေခံ၍ တိုင်းရင်းသားအချင်းချင်း စိတ်ဝမ်းမကွဲဘဲ သွေးစည်း ညီညွတ်ရေးကို ဦးတည်၍ ရေးသားခဲ့သော ကဇာတ် ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ထိုအချိန်လောက်ကစ၍ ဝတ္ထုတိုများလည်း စတင် ရေးသားနေသည် ကို တွေ့ရှိရသည်။ ၁၉၃၃ ခုနှစ် နိုဝင်ဘာလထုတ် ဂန္ထလောကမဂ္ဂဇင်းတွင် 'ဘိုးမာဒင်' ရုပ်သေးဆရာကြီးတစ်ဦးအကြောင်းကို ဖွဲ့နွဲ့ ရေးသားထားသည်။


mgyoe.com

mgyoe.com
SAMPLE BOOK

ဖေဖေ ငယ်စဉ်က ရုပ်သေးစင်တော်ကြီး နှစ်စဉ်နှစ်တိုင်း ဖျာပုံမြို့သို့ ရောက်တိုင်း ကြည့်ဖြစ်ခဲ့ရာ ထိုစင်တော်ကြီးအဖွဲ့၏ ဇော်ဂျီရုပ်သေးရုပ်အကကို သဘောကျ နှစ်သက်၍ ဖေဖေ့ကလောင်အမည်ကို 'ဇော်ဂျီ'ဟု ယူခဲ့သကဲ့သို့ ရုပ်သေးစင်တော် ကြီးတွင် ကြိုးဆွဲသည့် ရုပ်သေးဆရာကြီးများကိုလည်း အထင်ကြီး သဘောကျ ခဲ့ဟန် တူပါသည်။ ထို့ကြောင့် ရုပ်သေးအနုပညာကို ပညာမာန တစ်ခွဲသားနှင့် သက်ဆုံးတိုင် ထိန်းသိမ်း နေထိုင်သွားခဲ့သော ရုပ်သေးပညာရှင် 'ဘိုးမာဒင်'သည် ဖေဖေ့စိတ်ကူးထဲ၌ ပေါ်ပေါက်ခဲ့ဟန်ရှိသည်။ တစ်ဆက်တည်းမှာပင် 'ကြင်မည့် သူ' ဝတ္ထုတိုကိုလည်း ထိုနှစ် ဒီဇင်ဘာထုတ် ဂန္ထလောကမဂ္ဂဇင်းတွင် တွေ့ရှိရ ပြန်သည်။

ထိုနှစ်အတွင်း ဝိုင်အမ်ဘီအေ (YMBA) အသင်းတိုက်၌ ဟောပြောပွဲတစ်ခု စီစဉ်ရာ ဖေဖေက ဝန်ကြီးပဒေသရာဇာနှင့် စိတ္တကျော်သူတို့အကြောင်းကို အင်္ဂလိပ် ဘာသာဖြင့် စာတမ်း ရေး၍ ဖတ်ကြားခဲ့သည်။ ထိုစာတမ်းသည် 'ရန်ကုန်တိုင်းမ်' ခေါ် အင်္ဂလိပ်သတင်းစာ၌ ဖော်ပြခံခဲ့ရသည်ကို ရန်ကုန် တက္ကသိုလ်သို့ ထိုအချိန် က အသစ် ရောက်ရှိလာသော အင်္ဂလိပ်စာပါမောက္ခ Mr. W. W. Rhodes က ဖတ်မိသည်။ စာတမ်းကို နှစ်သက်သဘောကျသဖြင့် ဖေဖေ့ကို သူ့အိမ်သို့ လက်ဖက်ရည်သောက် ဖိတ်ကြားပြီး စာတမ်းအကြောင်းအရာကို ဖေဖေနှင့် ကိုယ်တိုင် ဆွေးနွေးခဲ့သည်ဟု သိရသည်။ ထို့နောက်တွင် ဖေဖေ့ကို မဟာဝိဇ္ဇာ တန်း ပြန်တက်ရန် တိုက်တွန်းသည်ဟု ကြားသိခဲ့ရဖူးသည်။ မြန်မာစာပါမောက္ခ ဆရာကြီးဦးဖေမောင်တင်နှင့် အင်္ဂလိပ်စာပါမောက္ခ မစ္စတာရုဒ်တို့ နှစ်ဦးက ဖေဖေ့ကို မဟာဝိဇ္ဇာတန်း တက်နိုင်ရန် ထောက်ခံပေးခဲ့ကြပါသည်။ (ထိုခေတ်က မဟာဝိဇ္ဇာတန်းကို ဂုဏ်ထူးတန်းကျောင်းသား မဟုတ်ခဲ့လျှင် ထိုတက္ကသိုလ်၏ ပါမောက္ခ နှစ်ဦးက ထောက်ခံပေးပါမှ တက်ရောက်ခွင့် ရှိသည်ဟု နားလည်ရ ပါသည်။)

## မဟာဝိဇ္ဇာတန်း တက်စဉ်ကာလ

တိုက်တိုကီဆိုင်ဆိုင် ထိုအချိန်က ဖေဖေ၏ညီ ဦးလှသိန်းသည်လည်း ဝိဇ္ဇာဘွဲ့ ရပြီးနေသည်က တစ်ကြောင်း၊ မိသားစု စားဝတ်နေရေးကို အထောက်အကူ ဖြစ် အဆင်ပြေစေရန် ဖျာပုံ၌ ပုံနှိပ်စက်ကလေးတစ်လုံး ဖေဖေက တည်ထောင် ပေးထားပြီးနေ၍ တစ်ဖုံတို့ကြောင့် ဖေဖေ မဟာဝိဇ္ဇာတန်း တက်ရန် အဆင်ပြေ


mgyoe.com

mgyoe.com
SAMPLE BOOK

သွားခဲ့ပါသည်။ မဟာဝိဇ္ဇာတန်းကို မြန်မာစာပေနှင့် အင်္ဂလိပ်စာ နှစ်ဘာသာတွဲဖြင့် တက်ခဲ့သည်ဟု မှတ်သိခဲ့ရသည်။

ထို ၁၉၃၄ ခုနှစ်မှာပင် ဖေဖေ၏ ဖူးစာဖက် ဖြစ်သူ မေမေ ဒေါ်စောရင်မှာလည်း ဘီအီးဒီ ခေါ် ပညာရေး ဘွဲ့လွန်သင်တန်း တက်ရန် ပညာရေးတက္ကသိုလ်သို့ ပြန်ရောက်ရပြန်ပါသည်။

ဖေဖေ ရန်ကုန်တက္ကသိုလ် မဟာဝိဇ္ဇာတန်း တက်နေသည့် ၁၉၃၄ ခုနှစ်အတွင်း ပြင်သစ် ပြဇာတ်ဆရာကြီး မိုလျယဲ၏ ပြဇာတ်ကို မှီး၍ 'မဟာဆန်ချင်သူ' ပြဇာတ်ကို ရေးသားခဲ့သည်။ ထိုပြဇာတ်ကို ဆရာကြီး ဦးဖေမောင်တင်က တည်းဖြတ်၍ ပထမအကြိမ်အဖြစ် မြန်မာနိုင်ငံ ပညာပြန့်ပွားရေးအသင်းက ကမ္ဘာ့စာညွှန့်ပေါင်းကျမ်းစဉ် (၃) အဖြစ် ပုံနှိပ်ထုတ်ဝေခဲ့သည်။

ထိုနှစ်အတွင်းမှာပင် အိန္ဒိယမှ နာမည်ကြီး ကာလိဒါလ၏ 'သကုန္တလာ' ပြဇာတ်ကို အင်္ဂလိပ် ဘာသာပြန်မှတစ်ဆင့် မြန်မာဘာသာသို့ ဆီလျော်အောင် ပြန်ဆို၍ ဂန္ထလောကမဂ္ဂဇင်းတွင် လပေါင်းများစွာ အခန်းဆက်အဖြစ် ဖော်ပြခြင်း ခံခဲ့ရသည်။ သို့ရာတွင် သသ်ကရိုက်မူရင်းမှ တိုက်ရိုက်ပြန်ဆိုသည် မဟုတ်၍ ပြစ်တင် ပုတ်ခတ် ပြောဆိုသံများကြောင့် ပြီးဆုံးအောင် မပြန်ဆိုဘဲ ရပ်ခဲ့ရသည်ဟုလည်း သိရသည်။

ထိုကိစ္စနှင့် ပတ်သက်၍ စာရေးဆရာ ဦးသိန်းဖေမြင့်က ၁၉၇၅ ခုနှစ်ထုတ် 'တက်ခေတ်၊ တက်လူ၊ တက်ဘုန်းကြီး' စာအုပ်တွင် 'ဇော်ဂျီ၏ သကုန္တလာ ဘာသာပြန် ဂန္ထလောကမဂ္ဂဇင်းတွင် ဆက်မတွေ့ရသောအခါ ကျွန်တော် များစွာဝမ်းနည်းခဲ့၏'ဟု ရေးသားခဲ့သည်။ ဖေဖေ့အနေနှင့် ထိုစဉ်အချိန်ကပင် မြန်မာလူမျိုးတို့အတွက် ကမ္ဘာတွင် နာမည်ရပြီးသား စာပေတို့ကို ဘာသာပြန်၍ ဆီလျော်အောင် ရေးသားပေးခြင်းဖြင့် ဗဟုသုတ ပို၍ ကြွယ်ဝစေချင်သည့်သဘောလည်း ပါသကဲ့သို့ ကမ္ဘာ့စာပေကို 'အမြည်း' ပေးချင်သည့်သဘောလည်း ပါပေလိမ့်မည်။

ထိုအချိန်အတောအတွင်း ရန်ကုန်တက္ကသိုလ် မြန်မာစာ ပါမောက္ခအဖြစ် တာဝန်ယူနေသော ဆရာကြီး ဦးဖေမောင်တင်သည် ၁၉၂၈ ခုနှစ် ဖေဖေ ဝိဇ္ဇာတန်း တက်စဉ်က ရေးသားခဲ့သော 'ပိတောက်ပန်း'ကဗျာဖြင့် လမ်းကြောင်းသစ် ထွင်ခဲ့ပြီး ထိုလမ်းကြောင်းသစ်ကို အတူ လျှောက်လှမ်းခဲ့ကြသော သူ့တပည့်များ၏ ကဗျာများကို စုစည်း၍ 'ခေတ်စမ်းကဗျာများ' ဟူသောအမည်ဖြင့်


mgyoe.com

mgyoe.com
SAMPLE BOOK

စာအုပ်တစ်အုပ်ကို ထုတ်ဝေခဲ့သည်။ ထို 'ခေတ်စမ်းကဗျာများ'စာအုပ်တွင် ဆရာကြီး၏တပည့် တက္ကသိုလ် ကျောင်းသား ခုနစ်ဦး ဖြစ်သည့် မောင်ဇမောင် (တက္ကသိုလ်မောင်သန့်ဇင်)၊ မောင်သိန်းဟန် (ဇော်ဂျီ)၊ မောင်ဝန် (မင်းသုဝဏ်)၊ မောင်ညွန့် (ဦးညွန့်-မဟာဝိဇ္ဇာ)၊ မောင်တိုးအောင် (ကုသ)၊ မောင်ဘသောင်း (မောင်သုတ၊ ဗိုလ်မှူးဘသောင်း)၊ စောမောင်မောင် (ဦးစောမောင်မောင်-မဟာဝိဇ္ဇာ)၊ တက္ကသိုလ်ကျောင်းသူတစ်ဦး (မခင်စောမူ) တို့ ရေးဖွဲ့ခဲ့သော ကဗျာများ ပါဝင်ခဲ့သည်။ ထိုကဗျာစာအုပ်၌ ဖေဖေ ရေးဖွဲ့သည့် ကဗျာပုဒ်ရေမှာ ၂၄ ပုဒ် ဖြစ်သဖြင့် အများဆုံး ရေးသားဖွဲ့ဆိုထားနိုင်သူ ဖြစ်သည်ကို တွေ့ရသည်။ 'ခေတ်စမ်းကဗျာ'စာအုပ်နည်းတူ ဆရာကြီး ဦးဖေမောင်တင်သည် သူ့တပည့် မောင်စိန်တင် (သိပ္ပံမောင်ဝ)၊ မောင်ဇမောင် (တက္ကသိုလ်မောင်သန့်ဇင်)၊ မောင်သိန်းဟန် (ဇော်ဂျီ)၊ မောင်တိုးအောင် (ကုသ)၊ မောင်ဝန် (မင်းသုဝဏ်) တို့၏ ဝတ္ထုဆောင်းပါးတို့ကိုလည်း စုစည်း၍ 'ခေတ်စမ်းပုံပြင်' ဟူသော စာအုပ်ကို ထုတ်ဝေဖြစ်လိုက်ပြန်သည်။

ထိုသို့ 'ခေတ်စမ်း' စာပေများ ပေါ်ပေါက်လာသည်ကို အပြင်လောကမှ လူတချို့က သဘောမကျ ဖြစ်ကြသည်ကိုလည်း တွေ့ကြုံကြရသည်။ ရှေးရိုးမူ ဖြစ်သော ရာသီဘွဲ့၊ ဘုန်းတော်ဘွဲ့ ဖွဲ့ဆိုခြင်းများ၊ စကားလုံးအဆန်းများ သုံး၍ စပ်ဆိုရေးဖွဲ့ခြင်းမျိုးမှ သွေဖည်လျက် သာမန်အကြောင်းအရာများကို ဦးစားပေး စပ်ဆိုရေးသားနေကြသော တက္ကသိုလ်ကျောင်းသား လူငယ်တစ်စုကို မကျေနပ်၍ ဝေဖန်မှု အမျိုးမျိုးနှင့် ပြင်းထန်စွာ တိုက်ခိုက်ခဲ့ကြသည်ဟုလည်း သိရသည်။

ထိုနှစ်အတွင်း ဖေဖေသည် ဝတ္ထုတိုများလည်း ဆက်လက် ရေးသားနေခဲ့ပါသည်။

(၁) 'ပုဂံဈေး'သည် ဂန္ထလောကမဂ္ဂဇင်း၊ ၁၉၃၄ ခုနှစ် ဇန်နဝါရီလတွင်လည်းကောင်း၊

(၂) 'အရှင်သောဘိတနှင့် ကိုခင်'သည် ဂန္ထလောကမဂ္ဂဇင်း၊ ၁၉၃၄ ခုနှစ် ဖေဖော်ဝါရီလတွင်လည်းကောင်း၊

(၃) 'ပြည်ကြီးဘာယာ'သည် တိုးတက်ရေးမဂ္ဂဇင်း၊ ၁၉၃၄ ခုနှစ် ဖေဖော်ဝါရီလတွင်လည်းကောင်း၊

(၄) 'တာဝတိံသာ ခေတ်စမ်းဘောသံ'သည် အောင်တော်မူ မှတ်တမ်း စာစောင်၌လည်းကောင်း၊


mgyoe.com

mgyoe.com SAMPLE BOOK

(၅) 'အောင်ဘော်နှင့် လေးလုံး'သည် ဂန္ထလောကမဂ္ဂဇင်း၊ ၁၉၃၄ ခုနှစ် ဇွန်လတွင်လည်းကောင်း

အသီးသီး ဖော်ပြခြင်းခံခဲ့ရသည်ကိုလည်း တွေ့ရသည်။

ထိုအချိန်က ရန်ကုန်တက္ကသိုလ်တွင် အမျိုးသားရေး နိုးကြားလာသည့် ကျောင်းသားများ (သခင်အောင်ဆန်း ဖြစ်မည့် ကျောင်းသား အပါအဝင်) ရှိလာပြီ ဖြစ်ရာ ဖေဖေ့မှာလည်း အမျိုးသားရေး လှုံ့ဆော်သည့်ကဗျာများကို ပိုမို၍ ရေးသားလာဖြစ်တော့သည်ကို လေ့လာတွေ့ရှိခဲ့ရသည်။

၁၉၃၅ ခုနှစ် ဩဂုတ်လထုတ် ကြီးပွားရေးမဂ္ဂဇင်းတွင် ပါလာသော 'တို့တိုင်းပြည်'ကဗျာသည် အထင်ကရပင် ဖြစ်ပါသည်။ မလွတ်လပ်သေးသော ဘဝဝယ် မြန်မာပြည်လူထု၏ အေးစားပြတိုက် နိုင်ထက်စီးနင်း ခံနေရသည့်ဘဝကို အပိုဒ်လေးပုဒ်ဖြင့် ရေးသားဖွဲ့ဆိုထားသည်။

ပထမအပိုဒ်တွင်-

*'တို့ရွာမြေဝယ်၊ စေတီစပါး များလည်းများ၏*
*များပါလေလည်း၊ တမွဲမွဲ။'*

ဖြစ်နေရပုံ၊ ဒုတိယအပိုဒ်တွင်-

*'တို့ရွာမြေဝယ်၊ ရေချိုသောက်ရန်*
*မြစ်ချောင်းကန်နှင့် သီးနှံချိုပျား၊ များလည်းများ၏*
*များပါလေလည်း၊ တမွဲမွဲ။'*

ဖြစ်နေရပုံတို့ကို နာကြည်းသော ခံစားချက်တို့ဖြင့် ရေးသား ဖွဲ့ဆိုထားသည်ကို တွေ့ရသည်။

တတိယအပိုဒ်တွင်ကား-

*'သူကစ၍၊ ငါကအားလုံး*
*လက်ရုံးများမြောင်၊ ဉာဏ်များမြောင်နှင့်*
*စွမ်းဆောင်ကြလေ ဆောင်ကြလေလော့။'*

ဟု ရေးသား ဖွဲ့ဆိုခဲ့သည့်အပြင် နောက်ဆုံး စတုတ္ထအပိုဒ်၌-

*'ထားလော့တာဝန်၊ ပွန်လော့လုပ်ငန်း*
*ဉာဏ်ရှေ့ပန်း၍*
*တဝမ်းတစိတ် ညီစေသတည်း။'*



mgyoe.com

mgyoe.com
SAMPLE BOOK

ဟု လူထုကို ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးကို မျိုးချစ်စိတ် အပြည့်အဝဖြင့် ညီညီညွတ်ညွတ် တာဝန်ကျေပွန်စွာ ထမ်းဆောင်သွားရန် တိုက်တွန်း နှိုးဆော်ထားသည့်ကဗျာ ဖြစ်နေသည်မို့ ယနေ့ခေတ်တိုင် ကျော်ကြားနေခဲ့ရသည်ဟု ယူဆမိပါသည်။

ထို ၁၉၃၅ ခုနှစ်၏ နောက်ဆုံးလ ဖြစ်သော ဒီဇင်ဘာလထုတ် အိုးဝေမဂ္ဂဇင်းတွင် 'တို့တိုင်းပြည်'ကဗျာကို အခြားကဗျာများ ဖြစ်ကြသော 'တက်လူတေးသံ'၊ 'အို တက်လူတို့'၊ 'ယခုအခါ'၊ 'သင် သေသွားသော်' ဟူသော ကဗျာလေးပုဒ်နှင့် စုပေါင်း၍ 'မျိုးချစ်ကဗျာစု' အမည်တပ်၍ ဖော်ပြခြင်း ခံခဲ့ရပါသည်။ မျိုးဆက်သစ် လူငယ်များ နှောင်းအတိတ်ကို စိတ်၌ ချည်နှောင်မထားဘဲ ရှေ့သို့ လွတ်လပ်ရေးအတွက် မျိုးချစ်စိတ် ထက်သန်စွာဖြင့် တိုင်းပြည်အကျိုး ကြိုးပမ်းကြရန် နှိုးဆော်ထားသည့်ကဗျာများ ဖြစ်နေသည်ကိုလည်း တွေ့ရှိရသည်။ ထို အိုးဝေမဂ္ဂဇင်း၏ တစ်နေရာတွင် ဖေဖေ ရေးသည့် 'ကျွန်ုပ်၏ မျှော်လင့်ချက်' ဟူသည့်ကဗျာတိုကလေးကို ဖော်ပြထားသည်ကို တွေ့ရပြန်သည်။ ထိုကဗျာမှာ-

**ကျွန်ုပ်၏ မျှော်လင့်ချက်**

*နောက်တလွှားသို့*
*ဝင်သွားလေပြီ နေနီနီအား*
*ဇော်ဂျီမြင်ရ ဝမ်းနည်းရလည်း*
*အလှတဖန် မနက်ဖြန်ဝယ်*
*ရောင်လျှံရွှေခဲ ညီလာပွဲနှင့်*
*သူပဲပေါ်လာဦးမည်တကား။*

ဟူ၍ ဖြစ်သည်။

ထိုအတောအတွင်း ဂန္ထလောကမဂ္ဂဇင်း ဩဂုတ်လထုတ်တွင် 'သော့တွဲနှင့် နတ်ရုပ်' ဝတ္ထုတို ပါလာသည်ကို ဖတ်ရှုခဲ့ရသည်။ ထို့ပြင် ကုသိုလ်ဖြစ် မိဘမဲ့ ကလေးသူငယ်များ ဂေဟာ၏ နှစ်ပတ်လည် ကျောင်းကပွဲအတွက် 'ရသေ့ဂူ' ပြဇာတ်ကို ရေးသားပေးခဲ့သည်။ ရသေ့ကြီး၏ ဂူနေရာကို မေတ္တာတရား လွှမ်းခြုံထားသည့် ငြိမ်းချမ်းသည့်နယ်မြေအဖြစ် သရုပ်ဖော်ထားသည့် ပြဇာတ် ဖြစ်ပါသည်။

၁၉၃၆ ခုနှစ် မဟာဝိဇ္ဇာတန်း နောက်ဆုံးနှစ် စာမေးပွဲ မဖြေခင်အထိ ရန်ကုန်တက္ကသိုလ် ပရဝဏ်အတွင်း၌ နေစဉ်အတွင်း စာများ ဆက်လက်


mgyoe.com

mgyoe.com SAMPLE BOOK

ရေးသားနေရာ ဇန်နဝါရီလထုတ် ဂန္ထလောက မဂ္ဂဇင်းတွင် 'ဇော်ဂျီ'ကဗျာ တစ်ပုဒ် ပါလာသည်။ ဆိုခဲ့သည့်အတိုင်း 'ခေတ်စမ်း' ကဗျာများကို တိုက်ခိုက်သူများ၏အသံမှာ မစဲသေးဘဲ ညံလျက်ရှိသေးရာ ဖေဖေသည် ဝေဖန်မှုများကို ကြံ့ကြံ့ခံလျက် ပို၍ လူအထင်မကြီး၊ ဂရုမပြုမိနိုင်သည့် ကဗျာများ စပ်၍နေခဲ့သည်ကို တွေ့ရသည်။ ဂန္ထလောကမဂ္ဂဇင်း ၁၉၃၆ ဖေဖော်ဝါရီလထုတ်တွင် 'ဖားပြုတ်မ'၊ 'ထိကရုံး'၊ 'အပ်နဖား' ဟူသည့် ကဗျာ သုံးပုဒ် ပါခဲ့သည်။ ထို သုံးပုဒ်ထဲမှ-

*'ထိုးသော်တဲ့ ထိုးသော်*
*ကြိုးချော်၍သွား*
*အဘွားအို အမြင်ကပ်တယ်*
*အပ်ရွှေနဖား။'*

ဟူသည့် 'အပ်နဖား' ကဗျာသည် ဦးလေးဝန် (မင်းသုဝဏ်) နှင့် လမ်းလျှောက်ရင်း ဖေဖေက လက်တန်းစပ်လိုက်သည့်ကဗျာဟု သိရသည်။ အရေးမပါသည့် အသေးအဖွဲ၊ အသေးတကာ့ အသေးဆုံးအရာကို တမင် ရွေး၍ ဖွဲ့ဆိုလိုက်ခြင်းပင် ဖြစ်သည်။

တက္ကသိုလ်ကျောင်းသား လူငယ်တို့၏ ခေတ်မီလာသော ရေးဖွဲ့မှုတို့ကို တဖြည်းဖြည်းနှင့် သတိပြုမိလာသော စာဖတ်ပရိသတ်သည် သူတို့၏ ရေးဖွဲ့မှုတို့ကို ပို၍လက်ခံလာရာ ခေတ်ဟောင်းစာပေသမားများ၏ ဝေဖန်သံတို့သည်လည်း တဖြည်းဖြည်းနှင့် မှေးမှိန် ဆိတ်သုဉ်းသွားရပါသည်။ သို့နှင့်ပင် ဖေဖေနှင့်သူ၏ စာပေရောင်းရင်း မောင်နှမတစ်စုတို့သည် သူတို့၏ မြန်မာစာပေ လမ်းကြောင်းသစ်ကို ဆက်လက်၍ လျှောက်လှမ်းနိုင်ဖို့ ဖြစ်လာရသည်။

မတ်လထုတ် ဂန္ထလောကမဂ္ဂဇင်းတွင် 'မြက်ရိတ်သမား'ကဗျာကို တွေ့ရပြီး ဧပြီလထုတ် မဂ္ဂဇင်းတွင် 'သည်အရေး'နှင့် 'နွေအဝင်'ကဗျာနှစ်ပုဒ်တို့ကို ဖော်ပြခံခဲ့ရသည်။

'သည်အရေး'ကဗျာသည် ထို ၁၉၃၆ ခုနှစ် မတ်လတွင် ဒုတိယအကြိမ် ရန်ကုန်တက္ကသိုလ် ကျောင်းသူကျောင်းသားများ သပိတ်မှောက်၍ ရွှေတိဂုံဘုရားပေါ်၌ သပိတ်စခန်း ဖွင့်ထားသည့်နေရာသို့ ဖေဖေနှင့် ဦးလေးဝန် (မင်းသုဝဏ်) တို့ သွားရင်းနှင့် အန်တီမာ (လူထုဒေါ်အမာ) ၏ အော်တိုစာအုပ်ထဲတွင် ဖေဖေ ရေးပေးခဲ့သည့် ကဗျာတိုကလေး ဖြစ်ပါသည်။


mgyoe.com

mgyoe.com
SAMPLE BOOK

၁၉၃၄ ခုနှစ်မှ ၁၉၃၆ ခုနှစ် မဟာဝိဇ္ဇာတန်း တက်နေသည့် ကာလအတွင်း ရှေးခေတ်မြန်မာစာပေနှင့် စပ်လျဉ်းသည့် ဆောင်းပါး အတော်များများကို ရေးသားနိုင်ခဲ့ပြီး ဂန္ထလောကမဂ္ဂဇင်း၌ ထည့်သွင်း ဖော်ပြခံခဲ့ရသည်။

## မဟာဝိဇ္ဇာဘွဲ့ ရပြီးကာလ

၁၉၃၆ ခုနှစ်ဦးပိုင်းတွင် ဖေဖေသည် မဟာဝိဇ္ဇာဘွဲ့ကို မြန်မာစာပေ၊ အင်္ဂလိပ်စာပေ နှစ်ဘာသာတွဲဖြင့် အောင်မြင်စွာ ဆွတ်ခူးနိုင်ခဲ့ပါသည်။ ဆရာကြီး ဦးဖေမောင်တင်၏ တာဝန်ပေးချက်အရ မန္တလေး ဥပစာကောလိပ်သို့ မြန်မာစာနည်းပြဆရာအဖြစ် သွားရောက်၍ အမှုထမ်းရပြန်သည်။

မန္တလေး၌ အမှုထမ်းစဉ် ယခင်က ခင်မင်ရင်းစွဲ ရှိခဲ့သော စာပေအစ်ကို ဦးစိန်တင် (သိပ္ပံမောင်ဝ) မှာလည်း ကျောက်ဆည်မြို့တွင် ခရိုင်ဝန်အဖြစ် အမှုထမ်းနေလေရာ ပြန်ဆုံကြပြန်သည်။ ဖေဖေတို့ နှစ်ဦး အတူ လည်ပတ်ခဲ့ကြခြင်းကို အကြောင်းပြု၍ ၁၉၃၆ ခုနှစ်အတွင်း စပ်ခဲ့သည့် 'တို့ညီနောင်' ကဗျာ ပေါက်ဖွားလာခဲ့သည်။ ရွှေသာလျောင်းတောင်ပေါ်သို့ နှစ်ဦးအတူ တက်စဉ်က ဤကဗျာကို ဖေဖေ ရေးခဲ့သည်ဟု သိရသည်။ (မင်းယုဝေ၊ 'ပထမ မြန်မာများ'၊ စာ-၁၉၇)

- ဖေဖေ မန္တလေးသို့ ရောက်နေသည့်အချိန်တွင် ဦးလေးဝန် (မင်းသုဝဏ်) က ဘိလပ်၌ ရောက်နေပြီ ဖြစ်ပါသည်။ ထို့ကြောင့် 'သကြ်န်တော် ခါတန်ခူးမို့၊ တိမ်ဦးက သံဝါဝါ၊ မိုးဖြောက်ဖြောက်ရွာ' အစချီသည့် 'သကြ်န်လက်ဆောင်' ကဗျာသည် တန်ခူးလအတွင်း ဦးလေးဝန်ထံသို့ ဖေဖေ၏ သကြ်န်လက်ဆောင်အဖြစ် ပေးပို့ခဲ့သည့် ကဗျာ ဖြစ်သည်။ ဤကဗျာကို ၁၉၃၆ ခုနှစ် မေလထုတ် ဂန္ထလောကမဂ္ဂဇင်းတွင် 'တပေါင်းမိုး'ကဗျာနှင့် 'ရှေးခေတ်ပုဂံပြည်'ကဗျာတို့နှင့် အတူ ဖော်ပြထားသည်ကို တွေ့ရသည်။

'ရှေးခေတ်ပုဂံပြည်'ကဗျာသည်ကား ပုဂံနှင့် စပ်လျဉ်း၍ ပထမဦးဆုံး ရေးဖွဲ့ခဲ့သည့်ကဗျာ ဖြစ်နေသည်ကို တွေ့ကြရသည်။ 'မောင်တို့ ကြားကုန်လော့၊ မယ်တို့ ကြားကုန်လော့' ဟု အစချီ၍ ပုဂံပြည်ကြီး၏ မင်းကောင်း အနော်ရထာနှင့် ကျန်စစ်သား အမျိုးပြုသည့် သူရဲကောင်းတို့ကြောင့် တိုင်းပြည် အေးချမ်းသာယာ၍ ဝင့်ကြွားစရာ၊ မော်ကြွားစရာအဖြစ် ရာဇဝင်၌ ထင်ရှားခဲ့ရပုံကို ရေးဖွဲ့ထားသည်။


mgyoe.com

mgyoe.com
SAMPLE BOOK

ပုဂံပြည်ကြီး သာယာ ဝပြော၍ သာသနာအရောင် ထွန်းလင်းပြောင်ခဲ့ပုံကိုလည်း-

*'စေတီနဲ့ တန်ဆောင်း*
*ဆည်ချောင်းနဲ့ စပါးနှံ*
*ရွှေပေါက္ကံ ပြည်တစ်ကြောမှာ*
*ပေါချင်တိုင်း ပေါတဲ့ပြင်*
*ဝပြောတဲ့ သာသနာ*
*ခေါင်းလောင်းသံ ညံမစဲရယ်နဲ့*
*ပုဂံပွဲ သာလွန်းလို့။'*

ဟု ဖွဲ့ဆိုခဲ့ပါသေးသည်။ နောက်ဆုံးအပိုဒ်တွင်မူ-

*'တရားငယ်မှန်*
*ရှင်မြတ်ကယ် ထေရ်အရဟံနဲ့*
*ပြေပုဂံ နေဘိရထာ ဘုန်းငှဲ့ပြင်*
*ပြည်လုံးညီညာတော့*
*ဤကမ္ဘာမှာ ပြည်မြန်မာရယ်လို့*
*ဝင်းခဲ့သတဲ့။'*

ဟူ၍ တိုင်းသူပြည်သားများ တစ်စိတ်တည်းတစ်ဝမ်းတည်း ညီညာစွာ ကြိုးပမ်းကြသည့်အတွက် ကမ္ဘာမှာ ဝင့်ကြွားနိုင်ခဲ့သည့်အကြောင်းကို ဂုဏ်ယူစွာ ဖွဲ့ဆိုထားသည်ကို တွေ့ရသည်။

ထိုနှစ်အတောအတွင်း အထက်ပါ ကဗျာများ အပါအဝင် ကဗျာအပုဒ်ရေ ၁၉ ပုဒ်မျှ စပ်ခဲ့သည်ကို လေ့လာတွေ့ရသည်။ ထိုကဗျာများထဲမှ 'ကျူပင်'၊ 'လတာပြင်'၊ 'လှေငယ်'၊ 'ကျူရိုးရှင်နှင့် ဥစ္စာစောင့်မ'၊ 'သားချော့သံ'တို့သည် ဂန္ထလောကမဂ္ဂဇင်း ဇွန်လနှင့် ဇူလိုင်လထုတ်တို့တွင် ပါခဲ့သည်။ ဖေဖေ မန္တလေးသို့ ရောက်ခါစ အောက်ပြည်အောက်ရွာ မြစ်ဝကျွန်းပေါ်နှင့် အကျွမ်းတဝင် နေခဲ့သော ဖေဖေ့အတွက် အထက်အညာ ပြည်ရွာတွင် အသားမကျလှသေးဘဲ ရှိသည့်အချိန် ဖြစ်၍ အောက်အရပ် မြစ်ဝကျွန်းပေါ်၏အလှတို့ကို လွမ်းဆွတ်တမ်းတနေသည့် ပုံရိပ်တို့ ပေါ်နေပေသည်။

ထို့နောက်မှ မန္တလေးမြို့တစ်ဝိုက် ပုံရိပ်တို့ ပါနေသည့် 'ရတနာပုံမြို့ရိုးဟောင်း' ဩဂုတ်လထုတ် ဂန္ထလောကမဂ္ဂဇင်းတွင် ပါခဲ့သကဲ့သို့ 'တောင်ပြုန်း


mgyoe.com

mgyoe.com
SAMPLE BOOK

ပွဲတော်သို့’နှင့် ‘တို့ညီနောင်’ ကဗျာနှစ်ပုဒ်တို့သည် စက်တင်ဘာလထုတ် ဂန္ထလောကမဂ္ဂဇင်းတွင် ပါလာသည်ကို တွေ့ရပါသည်။

အောက်တိုဘာလထုတ် ဂန္ထလောက မဂ္ဂဇင်းတွင် ‘ရွှေမန်းပြန်’ ကဗျာသည် သီတင်းကျွတ်ကျောင်းပိတ်ကာလ ခေတ္တ နေရပ်သို့ ပြန်လာသည့် ဖေဖေ့ကို အောက်ပြည်အောက်ရွာက အပေါင်းအသင်း ရောင်းရင်းများ ဝိုင်းမေးကြသည်ကို ဖြေထားသည့်သဘောပါသည့် ကဗျာ ဖြစ်သည်။ ထိုနှစ်၏ နောက်ဆုံးလ ဖြစ်သော ဒီဇင်ဘာလတွင်ကား ‘ပဲ့နင်း’ကဗျာကို ဂန္ထလောကမဂ္ဂဇင်းထဲတွင်ပင် ပါလာခဲ့သည်။ တက္ကသိုလ်ကျောင်းတိုက်မဂ္ဂဇင်းတွင် ပါခဲ့ဖူးသော ‘အချစ်နှင့် စစ်ပွဲ’ ဝတ္ထုတိုကို နောင် ထိုနှစ် မေလထုတ် ဂန္ထလောကမဂ္ဂဇင်းတွင် ပြန်လည် ပုံနှိပ်ခြင်း တွေ့ရ၍ ‘သူ့မယား’ဝတ္ထုတိုကိုလည်း ၎င်းဂန္ထလောကမဂ္ဂဇင်း အောက်တိုဘာလထုတ်တွင် ဖတ်ရှုခဲ့ရပါသည်။

ဖေဖေ မဟာဝိဇ္ဇာဘွဲ့ အောင်မြင်စွာ ဆွတ်ခူးနိုင်ခဲ့သည့် ၁၉၃၆ ခုနှစ်ဦးတွင် ကျွန်မတို့မေမေ ဖြစ်လာမည့် ဒေါ်စောရင်သည်လည်း ဘီအီးဒီ (ပညာရေးဘွဲ့လွန် ဒီပလိုမာ) ကို ရရှိခဲ့သည့်အတွက် မြို့မ အမျိုးသမီး အထက်တန်းကျောင်းတွင် အထက်တန်းပြ ဆရာမတာဝန် ပြန်လည် ထမ်းဆောင်နေပြီ ဖြစ်သည်။ ဖေဖေက လက်ထပ်လိုခဲ့ပါသော်လည်း တစ်မြို့စီ ဝေးကွာနေ၍ တစ်ကြောင်း၊ သူ့မိခင်ကြီးနှင့် မောင်နှမများတာဝန်ကို တနင့်တပိုး ထမ်းဆောင်နေရဆဲ ဖြစ်၍ ကိုယ်ပိုင်အနေနှင့် (မေမေ စုခိုင်းသည့်) တစ်လတွင် ရသည့် လခထဲမှ ရှုပီး ၅၀ မျှလောက်ပင် မစုနိုင်သေး၍တစ်ဖုံတို့ကြောင့် မေမေက သဘောမတူ လက်မခံနိုင်သေးဟု သိခဲ့ရသည်။

အမှန်တကယ်မှာ ဖေဖေသည် သူ အိမ်ထောင်ပြုသည့်အခါ သူ့မိသားစု စားဝတ်နေရေးအတွက် အထောက်အကူ ဖြစ်စေရန် ဖျာပုံ၌ စာပုံနှိပ်စက်ကလေးတစ်လုံး တည်ထောင်ပေးထားပြီး ဖြစ်ပါသည်။ သို့ရာတွင် သူ၏ညီ ဦးလှသိန်းက အိမ်စရိတ် မလောက်င၍ ရောင်းလိုက်ရသည်ဟု ပြောပြီး ရောင်းခဲ့သည်ဟု သိရသည်။ ဤကိစ္စမှာ ကျွန်မဦးလေး ဦးလှသောင်းက ကျွန်မကို ပြောပြခဲ့ဖူးသော စကား ဖြစ်သည်။ ဖေဖေက နှုတ်က ထုတ်မပြောဖူး၍ မေမေပင် သိခဲ့ဟန် မတူပါ။

၁၉၃၇ ခုနှစ်အတွင်း မန္တလေး ဥပစာ ကောလိပ်တွင် မြန်မာစာဌာန၌ နည်းပြဆရာ လုပ်ရင်းနှင့် ကဗျာများ စပ်ခဲ့သော်လည်း အစပ်ကျဲသွားသည်ကို


mgyoe.com

mgyoe.com
SAMPLE BOOK

တွေ့ရသည်။ 'ပိတောက်မယ်'ကဗျာသည် ဂန္ထလောကမဂ္ဂဇင်း မေလထုတ်တွင် ပါခဲ့ပြီး ပုဂံနှင့် စပ်လျဉ်းသည့် ဒုတိယကဗျာ ဖြစ်သော 'မယ်တို့ပုဂံပြည်'ကဗျာသည် စက်တင်ဘာလထုတ်တွင် ပါခဲ့ကြောင်း တွေ့ရသည်။

တစ်ဖန် မန္တလေးမြို့၏ အငွေ့အသက်တစ်ခု ဖြစ်သော 'ယခင်အခါ' ကဗျာ (ရှေးက မြန်မာမင်းတို့၏ ထီးဟန်နန်းဟန်တို့ကို လွမ်းမောတသသည့် စိတ်ဓာတ်ဖြင့် ဖွဲ့ဆိုထားသည့် ကဗျာ) ကို ဂန္ထလောကမဂ္ဂဇင်း နိုဝင်ဘာလတွင် 'ကမ္ဘောဇသို့' ကဗျာနှင့်အတူ ဖော်ပြခြင်း ခံခဲ့ရပါသည်။

ထို 'ကမ္ဘောဇသို့' ကဗျာသည် ဖေဖေ ဘော်ကြိုဘုရားသို့ သွားရင်း ထိုဘုရားပွဲ၌ ပထမဦးစွာ နဖူးတွေ့ဒူးတွေ့ တွေ့လိုက်ရသော တိုင်းရင်းသားညီအစ်ကို မောင်နှမများကို ချစ်ခင်ရင်းနှီးသောပီတိစိတ်ဖြင့် ရေးသားဖွဲ့ဆိုထားသည့်ကဗျာ ဖြစ်သည်။ မြန်မာပြည် လွတ်လပ်ရေး မရသေးသည့် ကိုလိုနီလက်အောက်ခံဘဝ၊ 'ပြည်ထောင်စု မြန်မာနိုင်ငံတော်'ဟု အမည်မတွင်နိုင်သေးသည့် ဘဝကပင် ဖေဖေ၏ စိတ်အတွင်း၌ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို လိုလားခဲ့သော ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝ ရှိနေသည်မှာ သိသာထင်ရှားလှသည်။

ထိုသို့ မန္တလေး ဥပစာကောလိပ်တွင် နည်းပြဆရာ လုပ်နေစဉ် အတောအတွင်း ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာ ပါမောက္ခ မစ္စတာရုဒ်က သူ၏တပည့် ဖြစ်ခဲ့ဖူးသော ဖေဖေ့ကို စာကြည့်တိုက်ပညာဘွဲ့လွန်အတွက် ပညာတော်သင် သွားစေချင်၍ လျှောက်ရန် တိုက်တွန်းပြန်ပါတော့သည်။ စာအုပ်စာပေနှင့် ပျော်မွေ့နေသည့် ဖေဖေ၏ စိတ်သဘောထားကို အကဲခတ် လေ့လာပြီး ဖြစ်၍ တပည့်ဝါသနာကို မြေတောင်မြှောက်ပေးလိုသောဆန္ဒ ဖြစ်ဟန်တူပါသည်။ မဟာဝိဇ္ဇာ အောင်စဉ်က သူ၏ အင်္ဂလိပ်စာဌာနတွင် နည်းပြလုပ်စေချင်သော်လည်း ဖေဖေက မြန်မာစာဌာနကိုသာ ရွေးချယ်ခဲ့သည်ကို စိတ်မကွက်ဘဲ မေတ္တာရှေ့ထားကာ စောင့်ရှောက်သည့်သဘောဟုပင် ဆိုရပါမည်။

မည်သို့ပင် ဆရာက တွန်းအားပေးသော်လည်း ဖေဖေ့မှာ ကျန်ရစ်ခဲ့မည့် မိသားစု၏ စားဝတ်နေရေးအတွက် ရင်မအေးသဖြင့် လက်မခံလိုဘဲ ရှိနေပါသည်။ ဖေဖေ နိုင်ငံခြား သွားဖြစ်လျှင် ကုန်ကျရမည့် စရိတ်စကအတွက်လည်း မိသားစုအပေါ် တာဝန်မပိစေချင်သည့်သဘောလည်း ရှိပါသည်။

"ညည်းတို့အဖေက သူ့မိသားစု အဆင်မပြေမှာ စိုးလို့ သိပ်မသွားချင်ခဲ့ဘူး။ ဘိလပ် သွားရင် ကုန်ကျမဲ့ ငွေကြေး၊ ဝယ်ရမဲ့ အဝတ်အစားဖိုး စတဲ့ ကိစ္စတွေ


mgyoe.com

mgyoe.com
SAMPLE BOOK

ကြောင့် ဝန်လေးနေတာလေ။ သူ့ဆရာတွေက 'မင်း မိန်းကလေးက မင်းနဲ့ ယူဖြစ်မှာပဲဥစ္စာ၊ သူ့ဆီက အကူအညီ ယူကြည့်ပါလား'လို့ ဝိုင်းပြောကြသတဲ့"

ထိုအခါ-

"အဲဒါနဲ့ပဲ မေမေက ထုတ်ပေးလိုက်တယ်ပေါ့"

ဟု ကျွန်မတို့က ဝိုင်းပြောကြရာ "သူ့ခမျာ မိသားစုအတွက် ငဲ့နေရတော့ သူ့အကျိုးကို ရှေးရှုပြီး ကိုယ်နဲ့ မယူဖြစ်လည်း ကိစ္စမရှိပါဘူးလို့ စဉ်းစားပြီး ထုတ်ပေးလိုက်တာပေါ့" ဟု မေမေက ပြောပြခဲ့ဖူးပါသည်။

ထိုကဲ့သို့ စဉ်းစား ငဲ့ညှာတတ်သည့် မိန်းကလေး ဖြစ်ခြင်းကြောင့်လည်း ဖေဖေက သူ့ကို မယူသေးဘဲ နှစ်ရှည်လများ စောင့်ခိုင်းထားသည်ကို နားလည်၍ လက်ခံပေးနိုင်ခဲ့သည်ဟု ထင်မိပါသည်။ နောက်တစ်ချက် စဉ်းစားမိသည်မှာ ဖေဖေသည် သူဌေးသမီးများကို မချစ်ဘဲနှင့် ယူခဲ့ရလျှင် သူ့ကိုယ်သူ ရောင်းစားခံလိုက်ရသည်ဟု ထင်နေမိ၍လည်း ဖြစ်နိုင်ပါသည်။

ထို့ပြင် ဖေဖေ ဝါသနာ ပါသည့် စာပေရေးရာ လုပ်ငန်းတို့ကိုလည်း နားမလည် အားမပေးဘဲ သူတို့ ဖြစ်စေချင်သည့် အုပ်ချုပ်ရေးပိုင်းက ရာထူး ကြီးကြီးများကို အတင်း ယူခိုင်း၍ သူ မလုပ်ချင်သည်များကို လုပ်ခိုင်းမည် စိုး၍ တစ်ကြောင်းလည်း ပါနိုင်ပါပေလိမ့်မည်။ မေမေနှင့် ပေါင်းဖက်ခဲ့သည် ဆိုလျှင် ပညာတတ် ဆရာ၊ ဆရာမ ဘဝတူချင်းလည်း ဖြစ်၍ စိတ်တူကိုယ်တူ စိတ်ချမ်းသာနိုင်မည်ဟု ယူဆခဲ့ဟန် တူပါသည်။ သူ ဝါသနာပါသည့် စာပေဆိုင်ရာကိစ္စများကိုလည်း တားဆီးချုပ်ချယ်မည် မဟုတ်သည့်အပြင် မေမေက ရာထူးဂုဏ်ထူး မက်သူ မဟုတ်သည်ကို သိပြီးနေ၍လည်း မေမေ့ကို လက်မလွှတ်နိုင်ဘဲ ခိုင်ခိုင်မြဲမြဲ သစ္စာရှိခဲ့ပေသည်။

ထို ၁၉၃၈ ခုနှစ်အတွင်း အင်္ဂလိပ် စာရေးဆရာ ချား ရိဒ်၏ 'Cloister & the Heath' (သင်္ခမ်းချောင်နှင့် မီးဖိုဆောင်) ဝတ္ထုရှည်ကို ကျောင်းသားများအတွက် ပြုပြင်ထားပြီး 'ဂျရတ်နှင့် မာဂရက်'ဟု အမည်သစ် ပေး၍ ဘာသာပြန်ဆိုခဲ့သည်ကို တွေ့ရသည်။

## ပညာတော်သင် သွားရသည့်ကာလ

၁၉၃၈ ခုနှစ် နှောင်းပိုင်းလောက်တွင် 'စစ်ကိုင်း' ပင်လယ်ကူးသင်္ဘောဖြင့် ဖေဖေသည် စာကြည့်တိုက်ပညာ ဒီပလိုမာဘွဲ့လွန်သင်တန်းအတွက် လန်ဒန်တက္ကသိုလ်


mgyoe.com

mgyoe.com SAMPLE BOOK

သို့ သွားရောက်နိုင်ခဲ့သည်။ လမ်းခရီးတွင် ရက်ပေါင်း ၃၀ နီးပါး ကြာမြင့်ပြီး လန်ဒန်သို့ ၁၉၃၈ ခုနှစ် စက်တင်ဘာလ ၂၃ ရက်နေ့တွင် ဆိုက်ရောက်ခဲ့သည်။

လန်ဒန်တွင် နေစဉ်အတွင်း အင်္ဂလန်နိုင်ငံသို့ ၁၉၃၆ ခုနှစ်ကတည်းက ရောက်နှင့်နေပြီးသော ဦးလေးဝန် (မင်းသုဝဏ်) တို့နှင့် ပြန်လည် ဆုံစည်းရပြန်ပါသည်။ ဖေဖေ နေသော လန်ဒန်မြို့သို့ ဦးလေးဝန်က သူ နေသော အောက်စဖို့မြို့မှ တက်လာကာ နှစ်ယောက်သား လန်ဒန်မြို့တွင်း ကြည့်သင့်ကြည့်ထိုက်သည့် နေရာများသို့ အတူတူ လည်ပတ်၍ ကြည့်ဖြစ်ခဲ့ကြသည်။ တစ်ခါတစ်ရံ ကျောင်းအားသည့် ပိတ်ရက်များတွင် ဦးလေးဝန် ကျောင်းတက်ရာ ဖြစ်သော အောက်စဖို့မြို့သို့လည်း ဖေဖေ ရောက်သည်။ ဦးလေးဝန် မြန်မာပြည်သို့ ပြန်သည့် ၁၉၃၉ ခုနှစ် ဩဂုတ်လအထိ မကြာမကြာ ဆုံခဲ့ကြပေသည်။

၁၉၃၉ ခုနှစ်ကုန်ပိုင်းလောက်တွင် ဒုတိယကမ္ဘာစစ်မီးသည် အင်္ဂလန်နိုင်ငံသို့ ကူးစက်လာပေတော့သည်။ လန်ဒန်မြို့တော်ကို ဂျာမနီလေတပ်က ဗုံးများ လာလာကြဲနေကြရာ လန်ဒန်တက္ကသိုလ် ပိတ်လိုက်ရသည်။ လန်ဒန်တွင် ပညာသင်နေကြသော ပညာတော်သင်များကို စစ်ဘေးလွတ်ကင်းသည့် အိုင်ယာလန်နိုင်ငံသို့ ရွှေ့ပြောင်းစေရာ ဖေဖေသည် အိုင်ယာလန်နိုင်ငံ၏မြို့တော် ဒဗ္ဗလင်မြို့ရှိ ထရင်းနတီကောလိပ်၌ ပညာ ဆက်လက်သင်ခဲ့ရသည်။ ထိုသို့ နိုင်ငံခြား၌ ပညာတော်သင်နေသည့်ကာလအတွင်း ကဗျာ၊ စာတမ်းများ ရေးသည်ကို မတွေ့ခဲ့ရပါပေ။

၁၉၄၀ ပြည့်နှစ်တွင် ထိုအိုင်ယာလန်နိုင်ငံ၏ ကောလိပ်မှ စာကြည့်တိုက်ပညာ ဒီပလိုမာဘွဲ့လွန်သင်တန်းကို အောင်မြင်ခဲ့ပြီး မြန်မာနိုင်ငံသို့ ဩဂုတ်လ ၄ ရက်နေ့ ထွက်သည့် သင်္ဘောဖြင့် ပြန်လာနိုင်ခဲ့ပါတော့သည်။ ၁၉၃၈ ခုနှစ် စက်တင်ဘာလတွင် အင်္ဂလန်သို့ ရောက်ပြီး ၁၉၄၀ ပြည့်နှစ် ဩဂုတ်လတွင် ပြန်လည် ထွက်ခွာခဲ့ရသဖြင့် အင်္ဂလန်နိုင်ငံတွင် အချိန် နှစ်နှစ်မျှ ကြာညောင်းခဲ့သည်ဟု သိရပါသည်။

အသွားခရီးသည် သင်္ဘောခရီး (စစ်ကိုင်းသင်္ဘော) ဖြစ်သဖြင့် လမ်းခရီးတွင် တစ်လခန့် ကြာမြင့်ခဲ့သည်ဟု သိခဲ့ရပြီး အပြန်ခရီးတွင်မူ ထိုသင်္ဘောခရီးပင် ဖြစ်သော်လည်း ဒုတိယကမ္ဘာစစ်မီးကြောင့် စူးအက်တူးမြောင်းမှ မပြန်ဖြစ်နိုင်ခဲ့ဘဲ အာဖရိကတိုက်ကို ကွေ့ပတ်ရသဖြင့် အချိန်သုံးလမျှ ကြာမြင့်ခဲ့ရသည်ဟုလည်း ကြားဖူးခဲ့ရပါသည်။ စစ်အတွင်းခရီးမို့ အန္တရာယ် ပိုများခဲ့ရ၍ မြန်မာပြည်က စောင့်မျှော်နေရသည့်သူများအတွက် ရတက်မအေးစရာ စိုးရိမ်ပူပန်မှုများနှင့် စောင့်ကြိုနေခဲ့ရသည်ဟုလည်း ဆိုကြပါသည်။


mgyoe.com

mgyoe.com
SAMPLE BOOK

ဖေဖေသည် အန္တရာယ် ထူပြောလှသည့် ခရီးရှည်ကြီးကို ကျော်လွှားနိုင်ခဲ့ပြီး ၁၉၄၀ ပြည့်နှစ် နှောင်းပိုင်းတွင် မြန်မာပြည်သို့ ချောချောမောမော ပြန်လည် ရောက်ရှိခဲ့ပါသည်။ ထိုသို့ ပြန်လည် ရောက်ရှိလာသည်နှင့် ရန်ကုန်ယူနီဘာစီတီ ကောလိပ်စာကြည့်တိုက်တွင် စာကြည့်တိုက်မှူးအဖြစ် ခန့်ထားခြင်းခံရပါတော့သည်။

၁၉၄၁ ခုနှစ်တွင် ဒုတိယကမ္ဘာစစ်မီး အရိပ်အရောင်များ အရှေ့တောင် အာရှသို့ ကူးစက်လာသည်ကို တွေ့ရသဖြင့် ၁၉၃၁ ခုနှစ်ကစ၍ မေတ္တာမျှခဲ့ကြ သော မြို့မ အမျိုးသားအထက်တန်းကျောင်းဆရာနှင့် မြို့မ အမျိုးသမီးအထက် တန်းကျောင်းဆရာမ ဖြစ်ခဲ့ကြသော ကျွန်မတို့၏ ဖေဖေနှင့် မေမေတို့သည် လက်ထပ်ကြရန် ဆုံးဖြတ်ချက်ချနိုင်ခဲ့ကြပါတော့သည်။ ထိုအချိန်တွင် ဖေဖေနှင့် မေမေတို့၏ အသက်များသည် ၃၄ နှစ် ၃၅ နှစ်မျှပင် ရှိနေကြပါပြီ။ ဆယ်နှစ် ဆယ်မိုး မေတ္တာမျှပြီး သစ္စာရှိစွာ စောင့်ဆိုင်းနေထိုင်ခဲ့ရာမှ ကျရောက်လာတော့ မည့် စစ်ဘေးအန္တရာယ် အရိပ်အရောင်ကြောင့် ဤကဲ့သို့ လက်ထပ်ရန် ဆုံးဖြတ် ချက်ချနိုင်ခဲ့ရသည်ဟု မေမေက ပြောပြခဲ့ဖူးပါသည်။

"စစ်ကြီး မဖြစ်လာရင် မေမေတို့ လက်မထပ်ဖြစ်ကြသေးဘူးပေါ့နော်" ဟု ကျွန်မတို့က စကြရာ မေမေကလည်း "ဟုတ်တယ်၊ စဉ်းစားရအုံးမှာပဲ" ဟု ပြန်ဖြေခဲ့ပါသည်။

ဖေဖေ့ခမျာ မိသားစုကို ငဲ့ညှာနေရ၍ ချစ်ရသည့်သူကို ဆယ်နှစ်ဆယ်မိုး တိုင်အောင် သစ္စာခိုင်ခိုင်ဖြင့် စောင့်ဆိုင်းနေခဲ့သည်ကို တွေးကြည့်ရင်းဖြင့် ဖေဖေ ၏ မေတ္တာနှင့် သစ္စာကို မလေးစားဘဲ မနေနိုင်အောင် ဖြစ်ရပါသည်။ ထိုကိစ္စနှင့် စပ်လျဉ်း၍ ဖေဖေ၏ မိခင်ကြီးဘက်ကလည်း (မေမေ့ကို မတွေ့ဖူး၊ မမြင်ဖူး သေးဘဲနှင့်) သူ သဘောတူချင်နေသည့် သူဌေးသမီးမျိုးလည်း မဟုတ်ဘဲနှင့် မည်ရွေ့မည်မျှ ချောလှ၊ တော်တတ်နေသည့်အတွက် သူ့သားကို ဆယ်နှစ် ဆယ်မိုး စောင့်ခိုင်းနေစေရသနည်းဟု စောဒကတက်စရာ ဖြစ်နေခဲ့သည်ဟုလည်း သိ ခဲ့ရသည်။

## လက်ထပ်ဖြစ်သည့်ကာလ

ဖေဖေနှင့် မေမေတို့ ၁၉၄၁ ခုနှစ် အောက်တိုဘာလ ၁၄ ရက်နေ့တွင် လက်ထပ် ကြရန် သဘောတူ ရက်သတ်မှတ်ခဲ့ကြသည်။ နေထိုင်ရန်အတွက် ဖေဖေ၏ မိဘများနှင့် မိသားစုချင်း ရင်းနှီးပြီးသား ဖြစ်သော မြေပိုင်ရှင်ကြီး၏ နှမဝမ်းကွဲ


mgyoe.com